ဗုဒ္ဓသာသနဘာရော အဝသံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန်

ဓမ္မစာစောင်

၁၃၇၇ ခုနှစ်၊ နတ်တော် - ပြာသို၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ အတွဲ (၂၁)၊ အမှတ် (၅)



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## အမှားပြင်ဆင်ချက်

သာထွန်းပြန့်ဓမ္မစာစောင်အတွဲ (၂၁)၊ အမှတ်(၄)၊ ဒီဇင်ဘာလ၊ မျက်နှာဖုံးပါ လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမစာအပိုဒ် (၅) တွင်

**ခနပေါ်မှု၊ ကုသိုလ်ပေါ်ရာ၊ ပညာပေါ်ကြောင်း၊ ပေါ်သုံးပါးကို၊ မနားမနေ၊ ကြိုးစားလေ။**

ဟူသော ဆုံးမစာတွင် ပညာပေါ်ကြောင်းကို ပညာမပါကြောင်းဟု မှားယွင်းရိုက်နှိပ်မိပါသည်။
ဆုံးမစာအမှန်မှာ ပညာပေါ်ကြောင်း ဖြစ်ပါသည်။

တာဝန်ခံအယ်ဒီတာ

၁၉.၁.၁၆

# သာသနာတော်ထွန်းကားပြန့်ပွား ဓမ္မစာစောင်

ဗုဒ္ဓသာသနာ [illegible]

ငါသည် ဗုဒ္ဓသာသနာတော်ကို မချုပ်ငြိမ်းအောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၅)၊ ၁၃၇၇ ခုနှစ်၊ နတ်တော် - ပြာသို၊
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ

၄ မိုးညှင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်

"ပြာသိုလ အန္တရဋ္ဌကရှင်းတမ်းနှင့် ကဿပညီနောင် သုံးဦး ကျွတ်တမ်းဝင်ပုံ"

၆ စာတည်းအာဘော်

"အသိပညာ အတတ်ပညာ ဖွံ့ဖြိုးသော လူတော် လူကောင်းများမှ တိုင်းပြည်ရွာ ဖွံ့ဖြိုးတိုးတက်ပါမည်"

၉ ငြိမ်းချမ်းစွာ နေထိုင်ရေးမူ (၅) ချက်

၁၅ သာသနာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၏ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း (ဗဟို) ကြီးကြပ်ရေးအဖွဲ့ တတိယအကြိမ် အစည်းအဝေး မျှောက်ထားလွှာ

၁၉ ပွင့်သောပန်းများ မွှေးပါစေ အရှင်ဝိသုဒ္ဓ (မကွေး)

**နာယကကြီးများ**

ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)
တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပရ(စ်) အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

၂၀ သာသနာ့အပရိဟာနိယ အရှင်ပညာနန္ဒ (ထုံးဘို)

၂၁ အမြစ်မြင်မှ ရှင်စေသော်

အရှင်စန္ဒိမာ (သုခရိပ်မအွဝင်)

၂၂ မိလိန္ဒပဉှ

၂၆ ရဟန်းကောင်း ရဟန်းမြတ်တို့၏တာဝန် ဓမ္မဝီရ

၂၉ အဦးဒါန (သို့) အဦးအဖျားလှူဒါန်းမှုအကျိုး

မောင်သာ (ဒဿန)

၃၃ ဂင်္ဂါမြစ်ရေသွေးဖြစ်စေသူ

ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)

ပန်းချီ - တင်ထွန်းထွန်း

၄၁ မေတ္တာသုတ်ကိုရွတ်ကြပါစို့ နိုင်ကြည်မြင့်

၄၄ ကျန်းမာနေ၍လှုပါသည် (၂)

တက္ကသိုလ် - လှမောင် (ရေတာရှည်)

၄၈ ရင်နှစ်သည်းခြာ အလီမွှာကဏ္ဍ ဖူးပွင့်ဝေ

၅၁ တောင်တန်းသာသနာပြုဆိုရာဝယ် ပြည့်သခင်

၅၅ မြန်မာနိုင်ငံရိုးရာ ပါဠိစာပေသင်ကြားရေး

ဦးအောင်သိန်းညွန့်

Traditional Pali Studies in Myanmar

Trans: by U Aung Thein Nyunt

၅၈ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း





**သာထွန်းပြန့် ဓမ္မစာစောင်**
**ရုံးအဖွဲ့**

ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)

ဒေါ်ဝင်းမာ (ဦးစီးမှူး)

ဒေါ်ဝင်းကြည်

ဒေယျာလှိုင်မင်း (သဂဝ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြဲ - ၀၁၁၀၄)

ရွှေပြည့်စုံ ပုံနှိပ်တိုက်

အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။



# မိုးညှင်းဆရာတော်ကြီး၏ ဩဝါဒကထာ

- လူ့အဖြစ်နဲ့နေရစဉ် ချမ်းမြေ့ပျော်ရွှင်စွာ တန်ဖိုးရှိစွာနေထိုင်လိုလျှင် ဘဝနေနည်း မှန်ကန်ဖို့လိုပါသည်။
- သူတစ်ပါးအား ကြည့်၍ အထင်ကြီးခြင်း၊ အထင်သေးခြင်းစသော စိတ်လှုပ်ရှားခံစားမှုများသည် ငြိမ်းအေးချမ်းမြေ့မှုကို မပေးစွမ်းနိုင်။
- ထို့အတူ လူအများ၏ အထင်ကြီးခြင်းကို ခံယူလိုမှု၊ လူအများ၏ အထင်သေးခြင်းမှ ရှောင်ရှားလိုမှုတို့သည်လည်း စိတ်နှလုံးချမ်းမြေ့မှုကို မပေးစွမ်းနိုင်။
- မိမိဘာသာ အရှိပကတိအတိုင်း ငြိမ်းအေးစွာ၊ ရှင်းသန့်စွာ ရိုးရိုးလေး နေခြင်းသည်သာ မှန်ကန်သောဘဝနေနည်းဖြစ်သည်။

# ပြာသိုလ အန္တရဋ္ဌကရှင်းတမ်းနှင့် ကဿပညီနောင်သုံးဦးကျွတ်တမ်းဝင်ပုံ

အန္တရဋ္ဌကအကြောင်းကို ပိဋကတ်စာပေကျမ်းဂန်များနှင့်သတ္တစာပေကျမ်းဂန်များမှာ မူရင်းနည်းယူရမည့်သဘော၊ ဥပစာနည်းယူရမည့်သဘောကျယ်ဝန်းများပြားစွာ ပြဆိုထားပါ တယ်။ (အန္တရ=အကြား၊ အဋ္ဌက=ရှစ်ရက်၊ ၂လအကြား=ရှစ်ရက်ကာလ)ကို အန္တရဋ္ဌက ဟု ခေါ်ဆိုပါသည်။ အန္တရဋ္ဌကကို မှတ်သားရလွယ်ကူစေရန် မဟာဗုဒ္ဓဝင်ဒုတိယတွဲတွင် ဆရာတော် ဦးဝိစိတ္တက အန္တရဋ္ဌကလေးမျိုးရှိကြောင်း ခွဲခြားပြဆိုထားပါသည်။ ခွဲခြားပုံမှာ-

၁။ တန်ဆောင်မုန်းလ၏ အဆုံးလေးရက်နှင့် နတ်တော်လ၏ အစလေးရက်၊ ဤကြားကာလရှစ်ရက်ကို ယူရသော ပထမအန္တရဋ္ဌက၊

၂။ နတ်တော်လ၏ အဆုံးလေးရက်နှင့် ပြာသိုလ၏ အစလေးရက် ဤကြားကာလ ရှစ်ရက်ကို ယူရသော ဒုတိယအန္တရဋ္ဌက၊

၃။ ပြာသိုလ၏ အဆုံးလေးရက်နှင့် တပို့တွဲလ၏ အစလေးရက်၊ ဤကြားကာလ ရှစ်ရက်ကို ယူရသောတတိယအန္တရဋ္ဌက၊

၄။ တပို့တွဲလ၏ အဆုံးလေးရက်နှင့် တပေါင်းလ၏ အစလေးရက် ဤကြားကာလ ရှစ်ရက်ကို ယူရသော စတုတ္ထ အန္တရဋ္ဌက၊ အန္တရဋ္ဌက လေးမျိုးခွဲခြားပြဆိုထားပါသည်။

**အန္တရဋ္ဌကလေးမျိုးအနက်-**

(က) ကဿပညီနောင်နှင့် ရသေ့များအား ချေချွတ်ရန် ဥရုဝေလတောသို့ တန်ဆောင်မုန်းလပြည့်မှ ပြာသိုလအထိ မြတ်စွာဘုရားသီတင်းသုံးတော်မူခြင်း။

(ခ) ကဿပညီနောင်နှင့်တပည့်များ ပြာသိုလအတွင်း အလွန်အေးသော ဆောင်းညသို့ နေရဋ္ဌရာမြစ်အတွင်း ရေငုပ်ခြင်း။

(ဂ) ဥရုဝေလ ကဿပနှင့်တပည့်များအတွက် မြတ်စွာဘုရားက မီးအိုးကင်း ၅၀၀ ဖန်ဆင်းပေးခြင်း။

(ဃ) ပြာသိုလပြည့်နေ့တွင် အာဒိတ္တပရိယါယသုတ္တန်ကို နာကြားရ၍ ရှင်တစ်ထောင် ရဟန္တာဖြစ်ခြင်း။

ပြာသိုလပြည့်နေ့တွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ရဟန်းတစ်ထောင်ကို ဂယာသီသ ကျောက်ဖျာပြင်၌ အာဒိတ္တပရိယါယသုတ္တန်ဒေသနာကို ဟောတော်မူရာ ရဟန်းအားလုံး အာသဝေါကုန်ခမ်း၍ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူကြပါသည်။

ထို့ကြောင့် ပြာသိုလပြည့်နေ့တွင် ကဿပညီနောင်သုံးဦးနှင့် ရှင်တစ်ထောင်တို့ ကျွတ်ပွဲဝင်ပုံကို အာရုံပြုပြီး မြတ်စွာဘုရားအား အမွေးနံ့သာမီးဖြင့် အန္တရဋ္ဌကအထိမ်းအမှတ်မီးပူဇော်ကြမှုပြုသည်ကို သိရှိနိုင်ကြစေရန် ဤလမျက်နှာဖုံးပုံရိပ်အဖြစ် တင်ပြလိုက်ရပါသည်။

# အသိ – အတတ်ပညာ ဖွံ့ဖြိုးသော လူတော်လူကောင်းများမှ တိုင်းပြည်ကွို ဖွံ့ဖြိုးတိုးတက်ပါမည်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အေးချမ်းသာယာမှုကို ရယူလိုကြပါလျှင် အမျိုးသားအားလုံး အသိပညာ၊ အတတ်ပညာ-ပြည့်စုံလုံလောက်ကြရန်လိုသည်။ အသိပညာအတတ်ပညာပြည့်စုံလုံလောက်မှုနှင့်အတူ အကျင့်သီလ စာရိတ္တကောင်းရန်လည်း လိုပါသည်။

ဗုဒ္ဓက ပညာတတ်သိမှုနှင့်ပတ်သက်၍အခြေခံကျသော လူကျင့်ဝတ် မင်္ဂလာသုတ္တန်တွင် ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော- အကြားအမြင်အသိပညာ၊ အတတ်ပညာတတ်မြောက်ခြင်း ကိုယ်ကျင့်သိက္ခာရှိခြင်းတို့ကို တစ်ဆက်တစ်စပ်တည်း ယှဉ်တွဲဟောကြားထားတော်မူသဖြင့်

အသိပညာရှင်-အတတ်ပညာရှင်တို့သည် မိမိတို့တတ်မြောက်ထားသော ပညာနှင့်ကိုယ်ကျင့်(သီလ)တရားကို ပေါင်းစပ် ဆောင်ရွက်ကြမှသာ တိုင်းပြည်နှင့်လူမျိုးအတွက် အားထားကြရမည်။ အသိပညာရှင်၊ အတတ်ပညာရှင်ကောင်းများ ဖြစ်ကြပါမည်။

ဗာဟုသစ္စဉ္စ ဟူသောအကြားအမြင်များခြင်းသည် လူလောကလူသားတို့၏လုပ်ငန်းဆောင်တာအဖြာဖြာကို လုပ်ဆောင်နိုင်ပါသည်။ မိမိတို့နိုင်ငံ မိမိတို့လူမျိုး၌ သယံဇာတ ပစ္စည်းမည်မျှပင်ပေါများနေစေကာမူ ထိုအရာများကို ဖော်ထုတ်နိုင်သော အသိပညာ-အတတ်ပညာမရှိက မခံစားရသလို ကြီးပွားချမ်းသာမှုလည်း မရနိုင်ပါ လိုလိုလားလားသင်ယူမှတ်သားခြင်းဖြင့် အကြားအမြင်ပြည့်စုံ၏၊ အကြားအမြင်ကြောင့်လည်း ပညာတိုးပွား၏။ ဗဟုသုတအကြားအမြင်များရန်- သုတအရင်းအမြစ်များကို သော့လာသော အလေ့အထများ နိုင်ငံသားကလေးလူငယ်၊ လူလတ်၊ လူကြီးမရွေး ပြုလုပ်သင့်ပါသည်။ ထိုသို့[illegible]နိုင်ရန် ဗဟုသုတစုံလင်စွာ ရနိုင်သော စာကြည့်တိုက်များ ကျေးရွာရပ်ကွက် မြို့အနှံ့ဖွင့်လှစ်ပေးနိုင်အောင်ဆိုင်ရာတာဝန်ရှိသူများ ပြည်သူ့ရေ့ဆောင်ဘာသာရေးခေါင်းဆောင်များက ဆောင်[illegible]ရန် အထူးလိုအပ်ပါသည်။

ဗုဒ္ဓက ပညာသမာအာဘာနတ္ထိ- ပညာနှင့်တူသောအလင်းရောင်သည်မရှိ ဟု ပညာ၏ အသုံးဝင်ပုံနှင့် တန်ဖိုးကို ဟောဖော်ညွှန်ပြထားခဲ့ပါသည်။ ပညာရေးဟူသည် လူ့ဘဝလူဖြစ်စ လူငယ်လူရွယ်တို့အား ယနေ့လူငယ် နောင်ဝယ်လူကြီး ဟုဆိုသည့်အတိုင်း လူကြီးနေရာတွင် ဆက်ခံနိုင်ရန် နိုင်ငံနှင့်လူမျိုး အကျိုးသည်ပိုးဆောင်ရွက်နိုင်ရန် လူမှုဝန်းကျင်နှင့်လိုအပ်သော အသိ-အတတ်ပညာတို့ကို ပြဋ္ဌာန်းညှိယူပြီး လူ့ဘောင်အဖွဲ့အစည်းတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စစ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့တွင် ကျရာတာဝန်၌ တိကျမှန်ကန်စွာ အကျိုးရှိစွာ ပါဝင်ဆောင်ရွက်လာနိုင်သူများဖြစ်စေရန်၊ လူကြီးများ၊ မိဘများ၊ ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးခြင်းသည် ပညာရေး၏ သဘောဖြစ် ပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတကာပညာရေး နှိုင်းယှဉ်ချက် (International Balance of knowledge) တို့ဖြင့် တိုင်းတာသော ပညာခေတ် (Age of knowledge) ဖြစ်လာသည်ကို သိမြင်တွေ့မြင်နေရပါသည်။ အသိပညာ၊ အတတ်ပညာရှင်ပေါ်သော လူမျိုးနှင့် နိုင်ငံသည် စီးပွားရေး လူမှုရေးတိုးတက်လာပြီး ချမ်းသာ ကြွယ်ဝသော ကမ္ဘာ့နိုင်ငံကြီး ဖြစ်လာရပါသည်။

ယနေ့ခေတ်သည် ပညာဖွံ့ဖြိုးမှု စီးပွားရေး လူမှုရေးတိုက်တက်လာသည့်ခေတ်ဖြစ်သော ကြောင့် ယနေ့ကမ္ဘာနိုင်ငံအသီးသီးသည် ပညာဖွံ့ဖြိုးမှုဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်မှုများ (Human Resource Development)ဖြစ်ပေါ်လာစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေကြသည်ကို တွေ့မြင်နေကြရပါသည်။

အလိမ္မာစာမှာရှိ ပညာရဲရင့်ပွဲလယ်တင့် ဆိုသည့်အတိုင်း လူ့ဘဝမှတတ်သိလိမ္မာမှုဟူသမျှ စာပေတံခါးပေါက်မှတစ်ဆင့် ဝင်ရောက်ရှာဖွေယူကြရပါသည်။ စာပေမတတ်မဖတ်မမှတ် မလေ့လာပါက မသွေးသောဓား သံချေးတက် ပျက်စီးရသကဲ့သို့ အသုံးမဝင် လူရာမဝင် ဘဝရောက်သလို မိသားစုလူမျိုး တိုင်းပြည်အတွက်လည်း ဆန်ကုန်မြေလေး ဖြစ်ကာ အကျိုးမဲ့ ရပါသည်။

အကြောင်းအမျိုးမျိုးကြောင့် မိဘဆရာသမားနှင့် ရဟန်းသံဃာများ၏ သွန်သင်ဆုံးမမှုကို အပြည့်အဝမရရှိကြသော လူငယ်-လူလတ်-လူကြီးဟူသမျှတို့သည် စာပေဖတ်ရှုလေ့လာကြပါလျှင် မိမိဘာသာဘယ်လိုနေထိုင်ရမည် ဘယ်လိုဆက်ဆံရမည်၊ ကြိုးစားလုပ်ကိုင်ရမည်ကို သိရှိကြကာ လောကီကြီးပွားရေးနယ်ပယ်သာမက လောကုတ္တရာနယ်ပယ်အထိ နေထိုင်နည်းကောင်းကောင်းရကြပါမည်။

လူသားတိုင်းကိုယ်ကျင့်တရားကောင်းပြီး အနာဂတ်တိုင်းပြည်ကောင်း ထူထောင်နိုင်ရန် အသိပညာ အတတ်ပညာတို့ကို စာပေမှတစ်ဆင့် လေ့လာကြရပါမည်။

ဤလောကတွင် လူသားအားလုံး တိုင်းပြည်နှင့်လူမျိုးအတွက် လူတော်တွေကောင်းဖို့လိုသလို လူကောင်းတွေလည်း တော်ဖို့လိုသည်၊ လူကောင်းတွေမတော်ပါက တိုင်းပြည်နှင့်လူမျိုးဖွံ့ဖြိုးမှု နှောင့်နှေးပါမည်။ လူတော်တွေမကောင်းပါကလည်း နိုင်ငံနှင့်လူမျိုးယိုယွင်းပျက်စီးသွားနိုင်ပါသည်၊ ပညာအရာ၌ ပါရဂူတွေဖြစ်နေစေကာမူ မျိုးချစ်စိတ်နှင့်ကိုယ်ကျင့်တရားကင်း ယိုးယွင်းပျက်စီးနေလျှင် လူတော်သော်လည်း မကောင်း၍ အသုံးတည့်မည်မဟုတ်ပါ။

ထို့ကြောင့် ယနေ့နိုင်ငံခေါင်းဆောင်ဘာသာရေးခေါင်းဆောင်တို့သည် ပြည်သူပြည်သားများ အသိပညာဖွံ့ဖြိုးရန် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရန် စိတ်ဓာတ်ရင့်သန်ရန် ဝေဖန်ပိုင်းခြားနိုင်သော စွမ်းရည်မြှင့်ရန် အလေ့အကျင့်ကောင်းများရရှိရန် ပညာတတ်လူတော်လူကောင်းများ ပေါ်ထွက်နိုင်ဖို့ နည်းပေးလမ်းပြ ကြိုးစားဆောင်ရွက်ပါရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။



# ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅) ချက်

## သီတဂူဆရာတော် အရှင်ဉာဏိဿရ

ဦးစွာဘုရားရှိခိုး

အတိုင်းမသိ အနှိုင်းမရှိအောင်မြင်တော်မူသော၊ အရာရာကို ဝေဖန်ဆန်းစစ်သည့် ဉာဏ်ရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရှိခိုးပါ၏။

နမော ဝိဘဇ္ဇဝါဒိနော အနန္တဉာဏိနဿ

နမော ဝိဘဇ္ဇဝါဒိနော အနန္တဉာဏိနဿ

နမော ဝိဘဇ္ဇဝါဒိနော အနန္တဉာဏိနဿ

(ဆရာတော်ရှေ့ကတိုင်ပေး ပရိသတ်အားလုံး ပြိုင်တူ(၃)ခေါက်ရွတ်ဆို)

**စုဝေးရောက်လာ ပရိသတ်အင်အား**

ဒီကနေ့အားလုံး၊ သုဝဏ္ဏအားကစားကွင်းခန်းမဆောင်ကြီးမှာ လာရောက်စုဝေးကြတယ်။ ဘုန်းကြီးစိတ်ထဲမှာ ခန့်မှန်းကြည့်တယ်။ သံဃာတော်ပေါင်း (၂၀၀၀)ကျော်ခန့် ရှိလိမ့်မယ်။ (၂၅၀၀)ဆိုတဲ့ ဂဏန်းကတော့ သိပ်လှတယ်။ ဆဋ္ဌသင်္ဂါယနာတင် ကမ္ဘာအေးက လိုဏ်ဂူကြီးထဲမှာ သံဃာတော်များ စုဝေးနေကြသလိုပဲ။ ဒီကနေ့ စည်းဝေးတော်မူကြတယ်။

လူထုပရိသတ် တစ်သိန်းခန့် အတွင်းရော အပြင်မှာ စုဝေးနေကြတယ်လို့ ဘုန်းကြီးတို့ ဒီလိုပဲ ယုံကြည်ပါတယ်။ အဲဒါ ဘာလာလုပ်ကြတာလဲဆိုတော့ အောင်ပွဲ။ (ပရိသတ်ရေ-ဘာလဲ) (အောင်ပွဲပါ ဘုရား)

**မျိုးစောင့်ဥပဒေ ပေါ်ပေါက်လာပုံ**

နှစ်ပေါင်းများစွာ ရှာမဆရာတော်ကြီးနှင့် အဖွဲ့တွေ၊ အပေါင်းအသင်းတွေဟာ တိုင်းပြည်နှင့်လူမျိုးအတွက် ဒါ **National Affairs** ပေါ့။ အမျိုးသားရေးကိစ္စ၊ လူမျိုးရယ်၊

ဘာသာရယ်၊ သာသနာရယ် စောင့်ရှောက်ထိန်းသိမ်းဖို့ဆိုပြီးတော့ ဥပဒေများပြဋ္ဌာန်းဖို့ ကြိုးစားလာခဲ့ကြတာ။ လွှတ်တော်နှစ်ရပ်က အတည်ပြုပြီးတော့ နိုင်ငံတော်သမ္မတကြီးက လက်မှတ်ထိုး ကြေညာ ထုတ်ပြန်ပေးလိုက်တဲ့အတွက် ဒီကနေ့ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးဥပဒေဟာ နိုင်ငံတော်တစ်ဝန်းပြဋ္ဌာန်းပြီး ဖြစ်သွားတယ်။ အဲဒါပြဋ္ဌာန်းပြီး ဖြစ်သွားတဲ့အတွက် အားလုံးပျော်လွှန်းလို့ ဝမ်းမြောက်ဝမ်းသာ ဒီကနေ့ အောင်ပွဲဆိုပြီးတော့၊ လာဆင်နွှဲကြတယ်။ အောင်ပွဲမှာ ဘုန်းကြီးတို့ ပါဝင်စကားပြောခွင့်ရလို့ ဝမ်းသာတယ်။

**အောင်ပွဲတက်လာရခြင်း**

တောင်သမုဒ္ဒရာထဲက ကျောက်ဆောင်ပေါ်မှာ ကြေးပြာသာဒ်နဲ့ နေနေတဲ့အရှင်ဥပဂုတ္တမထေရ်ကို တတိယသင်္ဂါယနာတင်ပွဲကြီး ဆင်နွှဲတော်မူတဲ့အခါ မောဂ္ဂလိပုတ္တမထေရ်ကြီးက အမိန့်နဲ့ခေါ်တယ်။ "ငါတို့ သင်္ဂါယနာတင်ပွဲနှင့် ကိုးတိုင်းကိုးဌာန သာသနာပြုပွဲကြီးမှာ မာရ်နတ်ရဲ့ အနှောင့်အယှက်ရှိတယ်။ အဲဒါကြောင့် ဟိုး… တောင်သမုဒ္ဒရာမှာ တစ်ယောက်တည်း အေးအေးဆေးဆေး သွားမနေနဲ့။ လာ၊ ဒီပွဲမှာ မင်းအကူအညီလိုတယ်" ဆိုတော့ တစ်ယောက်တည်း ချမ်းချမ်းသာသာနေနေတဲ့ ဥပဂုတ္တမထေရ်က သံဃာတော်တစ်ထောင်ကျော်တို့၏ အကြီးအကဲ မောဂ္ဂလိပုတ္တမထေရ် အမိန့်အရ သင်္ဂါယနာပွဲမှာ လာပြီးတော့ အစောင့်အရှောက်တာဝန်ကို ယူရတယ်။

**ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား---**

တပည့်တော် ဒီကနေ့ ဒီပွဲကို တက်လာခြင်းဟာ စစ်ကိုင်းတောင် ချောင်ကောင်းကောင်းလေးမှာ **Private Libary** ပေါ့၊ တစ်ယောက်တည်းကြည့်တဲ့ စာကြည့်တိုက်ကလေး ထောင်ပြီးတော့ တစ်နေကုန် မနားတမ်းစာကြည့်၊ မနက် စာဝါတစ်ဝါချပြီး ချမ်းချမ်းသာသာ နေနေတာကို ရွာမဆရာတော်ကြီးအမှူးရှိတဲ့ သံဃာတော်ပေါင်း (၂၅၀၀)ကျော်တို့က သီတဂူဆရာတော် ကြွတော်မူပါဆိုတော့ အရှင်ဥပဂုတ္တမထေရ် ကြွသလို၊ အဲဒါ တပည့်တော်လည်း မနေသာလို့ လာခဲ့ရပါတယ်။

ဒီနေ့တပည့်တော် ဒီအခမ်းအနားမှာပြောဖို့ရန် အခမ်းအနားအစီအစဉ်ကို ကြည့်လိုက်တော့ အစီအစဉ်ထဲမှာ ထည့်ထားတာက ဩဝါဒကထာလို့ ဒီလိုထည့်ထားတယ်။ အဲဒါကြောင့် ဥပဒေ အကြောင်းအချက်အလက်တွေနဲ့ပတ်သက်လို့ တပည့်တော် ပြောစရာ

မလိုတော့ဘူး။ ဒီပွဲကြီး၏ ဥက္ကဋ္ဌဆရာတော်ကြီးက အသေးစိတ်ရှင်းလင်းတင်ပြသွားပါပြီ။ တပည့်တော် ဒီအခမ်းအနားမှူး ကြေညာတဲ့အတိုင်း သြဝါဒကထာဆိုသည့် အားလျော်စွာ သြဝါဒကထာစကားမျှပဲ ပြောပါရစေ။

**အောင်ပြီဆိုပြီးတော့ အိပ်မနေကြနဲ့**

ဒီနေ့ အောင်ပြီဆိုပြီး လူရော၊ သံဃာ တစ်သိန်းကျော် စုဝေးရောက်လာကြတယ်။ ပျော်လွန်းလို့ဆိုပြီး အောင်ပွဲတွေဆင်နွှဲနေကြတယ်။ မြတ်စွာဘုရား ဗောဓိပင်ခြေရင်း ပလ္လင်ဖွေမှာ အောင်တုန်းက သိကြား၊ ဗြဟ္မာ၊ နတ်တွေပျော်လိုက်ကြတာ။ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခတွေလည်း ပျော်လိုက်ကြတာ၊ အဲဒါ စာထဲမှာ အဋ္ဌကထာမှာ တွေ့တယ်။ ထူးထူးဆန်းဆန်း အဲဒီနေ့မှာပဲ တစ်ကမ္ဘာလုံး ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးမှာ မတည့်တဲ့ အကောင်နှစ်ကောင်၊ နဂါးနှင့်ဂဠုန်၊ (ဘာနဲ့ဘာလဲ-နဂါးနဲ့ဂဠုန်ပါဘုရား) တစ်ကမ္ဘာလုံး မတည့်တဲ့ အကောင်နှစ်ကောင် နဂါးရယ်၊ ဂဠုန်ရယ် အဲဒီနေ့မှာ သူတို့နှစ်ကောင်လည်း လက်တွဲသွားကြတယ်။ ဒီလို အဋ္ဌကထာမှာ တွေ့ပါတယ်။

ဒီကနေ့ တပည့်တော် လျှောက်ချင်တာက မတည့်တဲ့အကောင်တွေ အားလုံးပျော်ပျော်ပါးပါး လက်တွဲညီညာ ကခုန်မြူးတူးနိုင်ကြပါစေ။ ပျော်မြူးနိုင်ကြပါစေလို့ ရှေးဦးစွာ ဆုတောင်းပါတယ်။

နောက် မာရ်နတ်ရဲ့တိုက်ပွဲဟာ ဗောဓိပင်အောက်မှာ ပြီးသွားပြီလို့ မမှတ်နဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကို တိုက်ခိုက်ခဲ့တဲ့ မာရ်နတ်ရဲ့တိုက်ပွဲဟာ ဗောဓိပင်အောက်မှာ မပြီးဘူး။ မာရ်နတ်ကိုယ်တိုင်က နောက် (၇)နှစ်ကြာတော့ မြတ်စွာဘုရားကို လျှောက်တဲ့စကားတစ်ခွန်း ရှိတယ်။

"သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိံ ပဒါပဒံ။

သြတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတီမတော" ။

(ပဓာနသုတ်၊ သုတ္တနိပါတ)

ဒါမာရ်နတ်ကိုယ်တိုင်ပြောတဲ့စကား။ မာရ်နတ်ကြီး ဗောဓိပင်အောက်မှာ ရှုံးနိမ့်ပြီး၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခ၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတွေ အောင်ပွဲဆင်နွှဲပြီး ပျော်ပွဲ

ဆင်ပြီးနောက်မှာ မာရ်နတ်ဟာ လက်လျှော့သွားတာ မဟုတ်ဘူး၊ အဲဒါကို သတိပြုရလိမ့်မယ်။ အောင်ပြီဆိုပြီးတော့ စိတ်ချလက်ချနေလို့ မဖြစ်ဘူးပေါ့။ ဘာကြောင့်လဲဆိုတော့ မာရ်နတ်ဟာ မြတ်စွာဘုရားရဲ့ (၄၅) နှစ်ဘ၀မှာ သူကိုယ်တိုင် ပြောတာနော်။ ဗုဒ္ဓကို အနှောင့်အယှက် ပေးတုံး၊ ဗုဒ္ဓရှင်တော်ရဲ့နောက်ကနေ ခြေရာနင်းပြီးတော့ လိုက်ခဲ့တာ (၇) နှစ်တောင် ကြာတယ်။ (မာရ်နတ်ကြီး ရှုံးပြီးတော့ ဗုဒ္ဓကိုနှောင့်ယှက်ဖို့ ခြေရာနင်းလိုက်တာ ဘယ်နှနှစ်လဲ) (၇-နှစ်ပါဘုရား။)

အဲဒါကြောင့် အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့တွေ အောင်ပြီဆိုပြီးတော့ မျက်စိမှိတ် အိပ်နေလို့ မဖြစ်ဘူး။ မာရ်နတ် အမြဲတမ်း နောက်ကနေ ရှိနေတယ်။ ဘုရားကိုယ်တော်မြတ်ရဲ့ ခြေတော်ရာနောက် (၇)နှစ် လိုက်တယ်။ ပုထုဇဉ်တို့ ခြေရာကို နှောင့်ယှက်ဖို့ အမြဲတမ်းအကြံအစည် ရှိတယ်။ အဲဒါကို အားလုံး သတိပြုဖို့ လိုပေလိမ့်မယ်။

**နောက် လောကနီတိမှာ**

"ဇိဏ္ဏမန္နံ ပသံသေယျ၊ ဒါရဉ္စ ဂတယောဗ္ဗနံ။

ရဏာပုနာဂတံ သူရ၊ သဿဉ္စ ဂေဟမာဂတံ။"

**(လောကနီတိ)**

ထမင်းစားကောင်းတယ်ဟေ့၊ ထမင်းတွေက ကောင်းတယ်၊ ဟင်းတွေက ကောင်းတယ်၊ စားလို့ကောင်းလိုက်တာ၊ ချီးမွမ်းမစောနဲ့။ အစာကြေတော့မှ ချီးမွမ်းခန်းဖွင့်ပါ။ ငါ့မိန်းမ၊ ငါ့ယောကျာ်း အကျင့်စာရိတ္တ ကောင်းလိုက်တာလို့ ညားခါးစလေးမှာ ချီးမွမ်းခန်း မဖွင့်လိုက်ပါနဲ့ဦး၊ အိုပြီးတော့ အရိုးတွေ အရေတွေ ရှုံ့တွပြီးတော့ အိုမင်းရင့်ရော်တဲ့အချိန်ရောက်မှ ချီးမွမ်းခန်းဖွင့်ပါ။ စစ်သူရဲကြီးဟာ သူရပုဂ္ဂိုလ်ကြီး၊ သူရဲကောင်းကြီး၊ စစ်ပွဲတစ်ပွဲမှ မရှိဘဲ ချီးမွမ်းခန်းမဖွင့်နဲ့။ တိုက်ပွဲဆင်ပြီးတော့ အောင်ပွဲကပြန်လာတော့မှ ရဲရင့်သော စစ်သူကြီးလို့ ချီးမွမ်းပါ။

အဲဒါကြောင့် အောင်ပွဲဆင်ပေမဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့နောက်ကနေ မာရ်နတ် ဘယ်နှနှစ်လိုက်လဲ။ (၇)နှစ် လိုက်တယ်။ အပေါက်နိုက်စရာမရှိလို့ မာရ်နတ် လက်လျှော့သွားတယ်။ အဲဒါကြောင့် အနှောင့်အယှက် အဖျက်အဆီး အပေါက် ရှာမရအောင် တပည့်တော်တို့ သံဃာတော် အားလုံး ညီညွတ်ဖို့ လိုပါတယ်။

## ချီးမွမ်းသံ ကဲ့ရဲ့သံတွေ ကြားတဲ့အခါ

အဲဒီတော့ အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့၏လုပ်ငန်းကြီး အောင်မြင်ပြီဆိုပြီးတော့ ချီးမွမ်းသံတွေလည်း ကြားကြရလိမ့်မယ်၊ ချီးမွမ်းသံကြားလို့ ဝမ်းမြောက်ကြည်နူးပြီးတော့ မြူးတူးခြင်းတွေလည်း ဖြစ်တော်မမူ မနေကြပါနဲ့၊ ကဲ့ရဲ့သံတွေလည်း မိုးမွန်အောင် ကြားနေကြရလိမ့်မယ်၊ ကဲ့ရဲ့သံတွေ၊ ရှုတ်ချသံတွေ၊ အပြစ်တင်တဲ့အသံတွေ ကြားနေလို့လည်း စိတ်ပျက် ငြီးငွေ့ပြီး နှလုံးမသာမယာ ဖြစ်တော်မမူကြပါနဲ့။

မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း

"ကုပိတာ ဝါ အနတ္တမနာ ဝါ

တုမှံယေဝဿ တေန အန္တရာယော"

ကဲ့ရဲ့သံ၊ စွပ်စွဲသံကြားလို့ စိတ်နှလုံး မသက်သာရင်၊ စိတ်နှလုံးမသက်မသာဖြစ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဘာရှိလဲ။ အန္တရာယ်ရှိတယ်။

အဲဒါကြောင့် ချီးမွမ်းခြင်းကြောင့်လည်းပဲ ဝမ်းမမြောက်ဖို့၊ ကဲ့ရဲ့၊ ရှုတ်ချသံ ကြားရလို့လည်း စိတ်မပျက်ဖို့၊ ဒေါသ၊ အာဃာတ မဖြစ်ကြဖို့၊ ဆရာတော် သံဃာတော်များကို ဘုရားတပည့်တော် လေးနက်စွာ တောင်းပန်လျှောက်ထားပါတယ်။

## ဗုဒ္ဓသာသနာဆိုင်ရာ အက်ဥပဒေ ပေါ်ပေါက်ရေး

တပည့်တော်တို့ စာတစ်ခုရှိတယ်။

"အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာပိ နိရုဇ္ဈန္တိ။" - ဝိပဿနာ ဉာဏ်ခန်းမှာ ပြောတာပါ။

မဖြစ်ပေါ်သေးတာတွေ ဖြစ်ပေါ်လာကြတယ်။ ဒီနိုင်ငံမှာ ဒီလို အမျိုးဘာသာ သာသနာ စောင့်ရှောက်တဲ့ ဥပဒေသည် ရှေးတုန်းက ရှိဖူးသလား၊ မရှိဖူးပါဘူး။ ရှာမဆရာတော်ကြီးတို့ရဲ့ခေတ်မှာ ဒါဖြစ်ပေါ်လာပြီ။ ဒါ "အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ"ပဲ။

"ဥပ္ပန္နာပိ နိရုဇ္ဈန္တိ" - ဖြစ်ပြီးတာတွေ ပေါ်ခဲ့ပြီးတာတွေလည်းပဲ ပျောက်ပျက်ကုန်ပြီ။ ဘာတွေ ပျောက်ကုန်လဲ၊ ၁၉၅၃-၅၄ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာ တင်ထားတဲ့ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေဆိုတာ ရှိတယ်။ ပါလီမန်မှာ ပြဋ္ဌာန်းထားတယ်။ ဒီကနေ့ ရှိသေးလား။ မရှိတော့ဘူး။ ပါဠိတက္ကသိုလ် အက်ဥပဒေ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲနဲ့ တစ်ပြိုင်တည်း

ပြဌာန်းခဲ့တာတွေ ဒီကနေ့ ရှိသေးလား။ မရှိတော့ဘူး။ ပါဠိပထမပြန် အက်ဥပဒေ မရှိတော့ဘူး။ အဲဒါကြောင့် ရှိပြီးသားတွေ ဖြစ်ပြီးသားတွေ အကုန်လုံး ပျောက်ကွယ်ကုန်ပြီ။ အခု မဖြစ်သေးတာတွေ ဖြစ်ပေါ်လာပြီ။ အမျိုး၊ ဘာသာ၊ သာသနာစောင့် ဥပဒေပေါ့။

ဒီကနေ့ ဒီနေရာမှာ ဘုရားတပည့်တော်လျှောက်ချင်တာက ကြွရောက်တော်မူလာကြတဲ့ သံဃာအပါး (၂၅၀၀)၊ အင်းစိန် ရွာမဆရာတော် အမှူးရှိတဲ့ သံဃာတော်များ ဖြစ်ပေါ်ပြီး၍ ပျောက်ကွယ်ကုန်ပြီးသော သာသနာတော်ဆိုင်ရာ ဥပဒေတွေကိုလည်း ပြန်လည်ပေါ်ပေါက်လာအောင် ကြိုးစားတော်မူကြပါဦးဆိုတာ တပည့်တော် ဒီကနေ့ အလေးအနက် တောင်းပန်ပါတယ်။ တောင်းဆိုပါတယ်။

ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ၊ ပါဠိတက္ကသိုလ် အက်ဥပဒေ၊ ပါဠိပထမပြန် အက်ဥပဒေ၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ အက်ဥပဒေ အကုန်လုံး မရှိတော့ဘူး။

အမျိုးကိုရော၊ ဘာသာကိုရော၊ သာသနာကိုရော စောင့်ရှောက်ဖို့ဆိုရင် ဒါတွေအားလုံး ပြန်လည်ပြဌာန်းပေးရမည် ဖြစ်ပါတယ်။

တပည့်တော်တို့ ဗုဒ္ဓဘာသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ အခုပဲ ရွာမဆရာတော်ဘုရားကြီး ခေါင်းဆောင်ပြီးတော့ အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေး ဥပဒေလုပ်ထားတယ်၊ ဘယ်လောက်အထိ လုပ်ထားလဲဆိုတာ ပရိသတ်ဖတ်ကြည့်ရင် သိပါတယ်။ ဆရာတော်လည်း ခုနက ရှင်းသွားတယ်။ ဘယ်အဖွဲ့အစည်းကိုမှ အံတု၊ အံပြိုင်၊ ရန်လုပ်တာမပါဘူး။ ဘယ်အဖွဲ့အစည်းကိုမှ ဘယ်လူမျိုး၊ ဘယ်ဘာသာဝင်ကိုမှ ထိခိုက်တဲ့ အချက်အလက်တွေ မပါဘူး။ (အများစု **Majority** က၊ အနည်းစု **Minority** ကို အနိုင်ကျင့်တဲ့ ဥပဒေ မဟုတ်ဘူး။ ကိုယ့်ခြံစည်းရိုး ကိုယ်လုံအောင် ကာရံတာပဲ ဖြစ်တယ်။)

**နောက်လဆက်ရန်**

**သီတဂူဆရာတော် အရှင်ဉာဏိဿရ**
**တွဲဖက်ရွှေကျင်သာသနာပိုင်(၄)**
**အဂ္ဂမဟာပဏ္ဍိတ၊ Ph.D., D.Litt**

## ၁၃၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ (တတိယ)အကြိမ် အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၏ သာသနာရေး ဆိုင်ရာလျှောက်ထားလွှာ

**ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား........**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့၊ တတိယအကြိမ်အစည်းအဝေးသို့ ကိုယ်စိတ်နှစ်ပါးပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ အလေးဂရုပြုထားလျက် ကြွရောက်ချီးမြှောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်များ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ် ဆရာတော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို စုံညီစွာတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက် ဝမ်းသာဖြစ်ရပြီး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပါစေရန် ဂါရဝပြုနှုတ်ခွန်းဆက်သရပါသည် ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား**

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသည် ဗုဒ္ဓသာသနာတော်၏ ရေသောက်မြစ် လည်းဖြစ်၊ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများ၏ အခြေခံလည်း ဖြစ်သဖြင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း လုပ်ငန်းများအောင်မြင်လာသည်နှင့်အမျှ သာသနာအတွက် အကျိုးများမည်ဖြစ်ပါသည်ဘုရား။ အနယ်နယ်အရပ်ရပ်တွင် ကျောင်းထိုင် တော်မူကြမည့် ကျောင်းထိုင်ဆရာတော်များအား "သိက္ခာယ သဂါရဝေါ၊ ဓမ္မေ သဂါရဝေါ၊ သံဃေ သဂါရဝေါ ဟောတိ၊ ပဋိသန္ထာရေ သဂါရဝေါ ဟောတိ" ဆိုသည့် ဘုရားရှင်

ဟောတော်မူသော သိက္ခာ(၃)ပါး၌ ရိုသေလေးစားခြင်း၊ တရားတော်၌ ရိုသေလေးစားခြင်း၊ သံဃာတော်၌ ရိုသေလေးစားခြင်း၊ ပဋိသန္ထာရစကား၌ ရိုသေလေးစားခြင်းဟူသော ဒေသနာတော်နှင့်အညီ သွန်သင်ဆုံးမပြီး တပည့်ကောင်းများဖြစ်အောင် မွေးထုတ်ပေးကြသည့် နေရာဌာနလည်း ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများတွင် သင်ကြားပို့ချသော ဘာသာရပ်များသည် ခေတ်စနစ်နှင့်အညီ လောကီ၊ လောကုတ္တရာ စွယ်စုံပညာရပ်များကို သင်ကြားပို့ချပေးရန် တာဝန်ရှိပါသည်ဘုရား။ ထို့ကြောင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ပထအမကြိမ်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအတိုင်း သင်ရိုးညွှန်းတမ်း တစ်ပြေးညီဖြစ်စေရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ဖွဲ့၍ မူကြမ်းရေးဆွဲကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အစည်းအဝေးသို့ လျှောက်ထားခဲ့ပါသည်ဘုရား။ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ စည်းမျဉ်းကိုလည်း လိုအပ်သည်များ ပြန်လည်ပြင်ဆင်ဖြည့်စွက်၍ ၅-၈-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ကျောင်းထိုင်ဘုန်းကြီးသင်တန်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့မှတည်ပြုပြီး (၂)နှစ်သင်တန်းများတွင် သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်း ကျောင်းထိုင်ဘုန်းကြီးစည်းမျဉ်းတို့ကို တစ်ပြေးညီသင်ကြားရန် ဆောင်ရွက်ပြီး ဖြစ်ပါသည်ဘုရား။

တပည့်တော်တို့ သာသနာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဒုတိယအကြိမ် ကျောင်းထိုင်ဘုန်းကြီးသင်တန်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးမှဆုံးဖြတ်ချက်တစ်ခုဖြစ်သည့် ဘာသာကြီး(၄)မျိုး ကိုးကွယ်မှုဆိုင်ရာ ပထဝီဝင်ဘာသာရေးသမိုင်းပြဋ္ဌာန်း စာအုပ်ရေးဆွဲနိုင်ရန် အတွက် ဆရာတော်ကြီး(၄)ပါး၊ လူပုဂ္ဂိုလ်ပညာရှင်(၄)ဦးတို့ဖြင့် (၂)နှစ်သင်တန်း၏ ပထမနှစ် သင်ရိုးပြဋ္ဌာန်းစာအုပ်ကို ရေးဆွဲပြီးဖြစ်ပါသည်ဘုရား။ ဒုတိယနှစ်ပြဋ္ဌာန်းစာအုပ်ကိုလည်း ဆက်လက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား**

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(၁၄)ကျောင်းတွင် သင်တန်းဖွင့်လှစ်ခဲ့သည့် အကြိမ်ပေါင်း (၁၆၆)ကြိမ်ရှိပြီး တက်ရောက်သင်ကြားဆဲ ရဟန်းစာသင်သားပေါင်း ၂၆၇- ပါး ရှိပါသည်ဘုရား။ စုစုပေါင်း သင်တန်းဆင်းပြီး သင်တန်းသားရဟန်းတော်ပေါင်း ၃၈၄၀ ပါးရှိသည်ပါဘုရား။ တပည့်တော်တို့ ဝန်ကြီးဌာနအနေဖြင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းများတွင် အထောက်အပံ့ဖြစ်စေရန် ကျောင်းအုပ်ဆရာတော် ဂဏဝါစကနှင့်နယဒေသက ဆရာတော်များကို သာသနာပြုရဟန်းတော်များအဖြစ် ခန့်အပ်ပြီး စုစုပေါင်းသင်ကြားစီမံ ဆရာတော်(၇၁)ပါးအား တစ်လလျှင် အာစရိယ အလှူတော်ငွေ ၃၃၀၀၀ိ/-နှုန်းဖြင့် ဆက်ကပ် လှူဒါန်းလျက်ရှိပါသည်ဘုရား။

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (၁၄)ကျောင်းရှိ တက်ရောက်ဆဲ သင်တန်း သား ရဟန်းတော်(၂၆၇)ပါးအတွက် သင်ရိုးစာအုပ်များဖြစ်သော-

(က) ဥဘတောဝိဘင်း(ပါရာဇိက)

(ခ) ဥဘတောဝိဘင်း(ပါစိတ်)

(ဂ) ကမ္မာကမ္မ

(ဃ) ကိုယ်ကျင့်အဘိဓမ္မာ

(င) ပိဋကတ်သမိုင်း

(စ) သံဃာ့အဖွဲ့အစည်း

(ဆ) ဝိနိစ္ဆယလက်စွဲ

(ဇ) သံဃနာယကလက်စွဲ

(ဈ) ညွှန်ကြားလွှာ (၂၀/၉၀)

(ည) သာသနာ့သမိုင်း

စသည့် သင်ရိုးစာအုပ်များကိုလည်း တပည့်တော်တို့ဝန်ကြီးဌာနမှ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား**

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်သင်ကြားပို့ချရေးနှင့် ပတ်သက်သော ရည်ရွယ်ချက်များတွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် တာဝန်သိ၍ စည်းကမ်းရှိသော လူကောင်းသူကောင်းဖြစ်မြောက်စေရန်အတွက် ပြုစုပျိုးထောင်ရေးနှင့် မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ကလေးသူငယ်များအား ဘာသာရေးအခြေခံပညာသင်ကြားစနစ်များကို ပို့ချခြင်းဖြင့် အားပေးကူညီမှုပြုပါရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ၏ ကျောင်းနာယကအဖွဲ့ ဥပဋ္ဌာကအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းစေ၍ ပစ္စည်းလေးပါးကို အတတ်နိုင်ဆုံး အထောက်အပံ့ ကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ဘုရား။ တပည့်တော်တို့ သာသနာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းထိုင်ဘုန်းကြီး (ဗဟို)ကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်ဘုရား။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ အမြော်အမြင်ကြီးမားစွာဖြင့် တည်ထောင်ဖွင့်လှစ်ထားသော ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ စဉ်ဆက်မပြတ်ရှင်သန်အောင်မြင်ရေးအတွက် (ဗဟို)ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ဆရာတော်များအနေဖြင့် သာသနာပြုစိတ်ဓါတ်အပြည့်အဝနှလုံးသွင်း စောင့်ရှောက်နေမြဲအတိုင်း ဆောင်ရွက်တော်မူကြပါရန်နှင့် တပည့်တော်အနေဖြင့်လည်း လိုအပ်ချက်များကို ဆရာဒကာ ရင်းနှီးစွာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လျှောက်ထားရင်း နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။

# ပွင့်သောပန်းများ မွှေးပါစေ



လောကလူ့ရွာ

ဤကမ္ဘာမှာ

ကိုယ်၏သမိုင်း

အဟုတ်မရှိုင်းဖို့

စိတ်ကိုယ်နှုတ်မှု သတိပြုလို့

ကိစ္စကြီးငယ် အသွယ်သွယ်မှ

အမျိုးဘာသာ သာသနာတိုင်

တည်တံ့မြဲခိုင် မလဲယိုင်အောင်

ဆင်ခြင်တရား သိမြင်အားနှင့်

ဆိုင်ရာကိုယ်စီ လုံ့လရှိကာ

သာယာတိုးတက်စွမ်းရည်ထက်၍

ပွင့်သောပန်းများမွှေးပါစေ........။

အရှင်ဝိသုဒ္ဓ (မကွေး)



# သာသနာ့ အပရိဟာနိယ

- စည်းဝေးမပြတ် ဆောင်ရွက်လတ်
  မှတ်ပါသံဃာ့ ညီညွတ်ရေး။
- စည်းဝေးစထိုင် လယ်ဆုံးတိုင်
  သုံးခိုင်ညီညွတ်စေလိုက်ပါ။
- သိက္ခာကြီးသူ ဂုဏ်ကြီးသူ
  ကြည်ဖြူလေးစားရှိသေကြ။
- ဗုဒ္ဓမိန့်မြွက် မမှုစက်
  ဖြည့်စွက်နုတ်ပယ်မပြင်နှင့်။
- ဆိပ်ငြိမ်မှုကို ရဟန်းဆို
  နှစ်လိုဝမ်းသာ ရှိလိုက်ပါ။
- တဏှာလိုအင်၊ ရှောင်ခွါကြဉ်
  ဆင်ခြင်မပြတ်၊ သတိကပ်။
- ကိုယ့်ရပ်ရောက်လာ သူတော်စွာ
  ဖိတ်ကာပျော်အောင်ထားပေးနော်။
  ရှင်တော်ဗုဒ္ဓဟောဖေါ်ပြ
  သာသနာ့ အပရိဟာနိယ။
  ဤခုနှစ်ဖြာ ကျင့်လိုက်နာ
  မှတ်ပါသာသနာကြီးပွါးကြောင်း။

အရှင်ပညာနန္ဒ (ထုံးဘို)

လူဝေတာသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေးရန်ကုန်



# အမြစ်မြင်၍ ရှင်စေသော်



အရင်းစစ်သော်
အမြစ်မြေက
ဆိုကြ စကားပုံ
ပမာကြုံရ
သာသနာ့ ဘုံဝယ်
ပရိယတ် ပဋိပတ်
ပဋိဝေဓဟု
သုံးရပ်သာသနာ
အဖြာဖြာကို
စဉ်လာမပြတ်
ထိန်းသိမ်းလတ်ဖို့
မြန်မာ့ရင်သွေး
ကိုရင်လေးတို့
အစဉ်ပျော်အောင်
သာသနာ့ဘောင်ဝယ်
လေးပါးပစ္စယ
နဂ္ဂဟာဖြင့်
ချီးမြှောက်ကြရန်
စိတ်ရည်သန်သည်
အမြစ်မြင်၍ ရှင်စေသော်ဝ်.....။

**အရှင်စန္ဒိမာ (သုခရိပ် မအူပင်)**



၀၃၁၅၆

# မိလိန္ဒပဉှာ

## ၁။ ဘုရားဂုဏ်တော်တစ်ခုသည် မည်မျှအကျိုးကြီးသနည်း

"အရှင်နာဂသေနဘုရား၊ 'အနှစ်တစ်ရာကာလပတ်လုံး အကုသိုလ်မှုပြုလုပ်ခဲ့သောသူသည် သေခါနီးတွင်မှ ဘုရားဂုဏ်တော်တစ်ခုကို အောက်မေ့မိလျှင် နတ်ပြည်သို့ လားရောက်ရ၏' ဟု အရှင်ဘုရားတို့ မိန့်ဆိုကြပါကုန်၏။ ထိုစကားကို တပည့်တော် မယုံနိုင်ပါ။ ထိုမှတစ်ဖန် 'တစ်ခုသော ပါဏာတိပါတကံဖြင့် ငရဲသို့ကျရာ၏' ဟူ၍လည်း အရှင်ဘုရားတို့ မိန့်ဆိုကြပါကုန်၏။ ထိုစကားကိုလည်း တပည့်တော် မယုံနိုင်ပါ"

"မင်းမြတ်၊ ကျောက်စရစ်ခဲသည် ငယ်ပင်ငယ်သော်လည်း လှေပေါ်၌ တင်မထားလျှင် ရေပေါ်မှာ ပေါ်နိုင်ပါမည်လော"

"အရှင်ဘုရား၊ မပေါ်နိုင်ပါ"

"မင်းမြတ်၊ လှည်းစီးရေတစ်ရာမျှ ဝန်ချိန်ရှိသော ကျောက်တုံးကြီးကို လှေပေါ်တင်ထားလျှင် ရေပေါ်မှာ ပေါ်နိုင်ပါမည်လော"

"အရှင်ဘုရား၊ ပေါ်နိုင်ပေ၏"

"မင်းမြတ်၊ ကုသိုလ်ကံကို လှေကဲ့သို့ မှတ်ယူသင့်ပေ၏"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

## ၂။ အဘယ်ဒုက္ခကို ပယ်ပါသနည်း

"အရှင်နာဂသေနဘုရား၊ အရှင်ဘုရားတို့သည် အတိတ်ဒုက္ခကို ပယ်စွန့်ရန် လုံ့လပြုကြပါသလော"

"မင်းမြတ်၊ အတိတ်ဒုက္ခကို ပယ်စွန့်ရန် လုံ့လမပြုကြပေ"

"အရှင်ဘုရား၊ ထိုသို့မဟုတ်ပါလျှင် အနာဂတ်ဒုက္ခကို ပယ်စွန့်ရန် လုံ့လပြုကြပါသလော"

"မင်းမြတ်၊ အနာဂတ်ဒုက္ခကို ပယ်စွန့်ရန် လုံ့လမပြုကြပေ"

"အရှင်ဘုရား၊ ထိုသို့မဟုတ်ပါလျှင် ပစ္စုပ္ပန်ဒုက္ခကို ပယ်စွန့်ရန် လုံ့ပြုကြပါသလော"

"မင်းမြတ်၊ ပစ္စုပ္ပန်ဒုက္ခကို ပယ်စွန့်ရန် လုံ့လမပြုကြပေ"

"အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် အဘယ် အကျိုးငှာ လုံ့လပြုကြပါသနည်း"

"မင်းမြတ်၊ ပစ္စုပ္ပန်ဒုက္ခ ချုပ်ငြိမ်းသွားခြင်း အကျိုးငှါ၊ ပစ္စုပ္ပန်ဒုက္ခမှတစ်ပါး အခြားဒုက္ခ နောက်ထပ်တစ်ဖန်ဖြစ်ပေါ်မလာခြင်း အကျိုးငှါ လုံ့လပြုကြပေ၏"

"အရှင်ဘုရား၊ အနာဂတ်ဒုက္ခသည် ထင်ရှားရှိပါ၏လော"

"မင်းမြတ်၊ အနာဂတ်ဒုက္ခသည် ထင်ရှား မရှိပေ"

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ထင်ရှား မရှိကုန်သော အနာဂတ်ဒုက္ခတို့ကို ပယ်စွန့်ရန် လုံ့လပြုကြကုန်ဘိ၏။ ထိုသို့ လုံ့လပြုကြသော အရှင်ဘုရားတို့သည် အလွန်တရာ ပညာရှိကြပေစွတကား"

"မင်းမြတ်၊ သင်မင်းမြတ်နှင့်စစ်မက်ပြိုင်ဆိုင်လိုကြသော ရန်သူမင်းတို့ရှိကြပါသလော"

"အရှင်ဘုရား၊ ရှိကြပါကုန်၏"

"မင်းမြတ်၊ ရန်သူမင်းတို့ စစ်ချီလာသောခါမှ သင်မင်းမြတ်သည် ကျုံးတူးခြင်း၊ မြို့ရိုးတံတိုင်းဆင့်ခြင်း၊ တံခါးမုခ်ပြုခြင်း၊ ပြအိုးပြုခြင်း၊ ရိက္ခာစပါးစုဆောင်းခြင်းတို့ကို စီရင်ပါသလော"

"အရှင်ဘုရား၊ ထိုသို့မဟုတ်ပါ။ ရန်သူစစ်တပ်များ မလာမီက ကြိုကြိုတင်တင် စီရင်၍ ထားရပေ၏"

"မင်းမြတ်၊ ရန်သူမင်းတို့ စစ်ချီလာသောခါမှ သင်မင်းမြတ်သည် ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ရထားစီးအတတ်၊ လေးအတတ်၊ ဓား၊ လှံအတတ်တို့ကို သင်စေပါသလော"

"အရှင်ဘုရား၊ ထိုသို့မဟုတ်ပါ။ ရန်သူစစ်တပ်များ မလာမီက စစ်အတတ်ပညာ အားလုံးကို သင်ကြားရန် စေခိုင်းထားရပါ၏"

"မင်းမြတ်၊ အဘယ်အကျိုးငှါ သင်ကြားရန်စေခိုင်းထားပါသနည်း"

"အရှင်ဘုရား၊ မရောက်လာသေးသော ဘေးရန်တို့ကို ကာကွယ်ရန်အကျိုးငှါ စေခိုင်းထားရပေ၏"

"မင်းမြတ်၊ မရောက်လာသေးသော ဘေးရန်သည် ထင်ရှား ရှိပါ၏လော"

"အရှင်ဘုရား၊ ထင်ရှားမရှိပေ"

"မင်းမြတ်၊ သင်မင်းမြတ်တို့သည် ထင်ရှားမရှိသော၊ မရောက်လာသေးသော ဘေးရန်ကို ကာကွယ်ရန် စီရင်ကြကုန်ဘိ၏။ သင်မင်းမြတ်တို့သည် အလွန်တရာ ပညာရှိကြပေစွတကား"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

**၃။ ဗြဟ္မာ့ပြည်သည် ဘယ်လောက်ဝေးသနည်း**

"အရှင်နာဂသေနဘုရား၊ ဗြဟ္မာ့ပြည်သည် ဤလူ့ပြည်မှ အဘယ်မျှဝေးကွာပါသနည်း"

"မင်းမြတ်၊ ဗြဟ္မာ့ပြည်သည် ဤလူ့ပြည်မှ အလွန်တရာဝေးကွာလှ၏။ အိမ်လုံးလောက်ရှိသော ကျောက်တုံးကြီးသည် တစ်ရက်တာတွင် ယူဇနာပေါင်း ရှစ်သောင်းလေးထောင်မျှ ကျဆင်းလာခဲ့သော် ထိုကျောက်တုံးကြီးသည် လေးလကြာမှ လူ့ပြည်သို့ ရောက်ပေရာ၏"

"မင်းမြတ်၊ အားကောင်း မောင်းသန် ယောကျ်ားတစ်ယောက် လက်မောင်းကို ဆန့်လိုက် ကွေးလိုက်သည့် တစ်ခဏမှာပင် အဘိညာဉ်တန်ခိုးရှိသော ရဟန်းသည် ဇမ္ဗူဒိပ်ကျွန်း၌ ကွယ်ပျောက်၍ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏ ဟူ၍ အရှင်ဘုရားတို့ မိန့်ဆိုကြပါကုန်၏။ ထိုစကားကို တပည့်တော် မယုံနိုင်ပါ။ ထိုမျှလောက် ယူဇနာမြောက်မြားစွာ ဝေးကွာသည့်တိုင်အောင် ဤသို့ အလွန်လျင်မြန်စွာ သွားနိုင်ပါမည်လော"

"မင်းမြတ်၊ သင်မင်းမြတ်၏ မွေးဖွားရာအရပ်က အဘယ်အရပ်ပေးနည်း"

"အရှင်ဘုရား၊ အလသန္ဒမည်သော ကျွန်း၌ တပည့်တော် မွေးဖွားခဲ့ပေ၏"

"မင်းမြတ်၊ အလသန္ဒကျွန်းသည် ဤသာဂလမြို့မှ မည်မျှ ဝေးကွာပါသနည်း"

"အရှင်ဘုရား၊ ယူဇနာ နှစ်ရာတိုင်တိုင် ဝေးကွာပါ၏"

"မင်းမြတ်၊ သင်မင်းမြတ်သည် ထိုအလသန္ဒကျွန်း၌ တစ်စုံတစ်ရာပြုလုပ်ခဲ့သည်ကို အမှတ်ရပါလော"

"အရှင်ဘုရား၊ အမှတ်ရပါ၏"

"မင်းမြတ်၊ သင်မင်းမြတ်သည် ယူဇနာ နှစ်ရာတိုင်တိုင် ဝေးကွာသော အရပ်သို့ လျင်မြန်စွာ သွားနိုင်ပေသည်တကား"

"အရှင်ဘုရား၊"

"မင်းမြတ်၊ သင့်လျော်ပါပေ၏"

**၄။ ဘယ်သူက ပို၍ လျင်မြန်သနည်း**

"အရှင်ဘုရား၊ ဤလူ့ပြည်၌ သေဆုံး၍ ဗြဟ္မာ့ပြည်မှာ ဖြစ်လာသောသူနှင့် ဤလူ့ပြည်၌ သေဆုံး၍ ကသ္မီရတိုင်း၌ ဖြစ်လာသော သူတို့တွင် အဘယ်သူက ကြာမြင့်ပါသနည်း"

"မင်းမြတ်၊ ထိုသူနှစ်ယောက်တို့သည် မရှေးမနှောင်းပင် ဖြစ်ကြပေကုန်၏"

"အရှင်ဘုရား၊ ဥပမာ ပြုတော်မူပါဦး"

"မင်းမြတ်၊ သင်မင်းမြတ်သည် အဘယ်အရပ်၌ ဖွားမြင်ခဲ့ပါသနည်း"

"အရှင်ဘုရား၊ ကလသိမည်သော ရွာ၌ ဖွားမြင်ခဲ့ပါ၏"

"မင်းမြတ်၊ ကလသိရွာသည် ဤသာဂလ မြို့တော်မှ မည်မျှ ဝေးကွာပါသနည်း"

"အရှင်ဘုရား၊ ယူဇနာ နှစ်ရာတိုင်တိုင် ဝေးကွာပေ၏"

"မင်းမြတ်၊ ကသ္မီရတိုင်းသည် ဤသာဂလ မြို့တော်မှ မည်မျှကွာဝေးပါသနည်း"

"အရှင်ဘုရား၊ တစ်ဆယ့်နှစ်ယူဇနာ ကွာ ဝေးပေ၏"

"မင်းမြတ်၊ ကလသိရွာကို အောက်မေ့ လိုက်စမ်းပါလော့"

"အရှင်ဘုရား၊ အောက်မေ့ပြီးပါပြီ"

"မင်းမြတ်၊ ကသ္မီရတိုင်းကို အောက်မေ့ လိုက်စမ်းပါလော့"

"အရှင်ဘုရား အောက်မေ့ပြီးပါပြီ။"

"မင်းမြတ်အဘယ်အရပ်ကို အချိန်ကြာ ကြာ အောက်မေ့ရပါသနည်း။ အဘယ်အရပ် ကို လျှင်မြန်စွာ အောက်မေ့ရပါသနည်း"

"အရှင်ဘုရား၊ အရပ်နှစ်ခုလုံးကို မရှေး မနှောင်းပင် အောက်မေ့ရပါ၏"

"မင်းမြတ်၊ ဤအတူသာပင် ထိုသူနှစ် ယောက်တို့သည် မရှေးမနှောင်းပင် ဖြစ်ကြပေ ကုန်၏"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

**၅။ အဘယ်ကြောင့် ဗောဇ္ဈင်ခုနှစ်ပါးဟောထား ရသနည်း**

"အရှင်နာဂသေနဘုရား၊ ဗောဇ္ဈင်တရား အဘယ်မျှရှိပါကုန်သနည်း"

"မင်းမြတ်၊ ခုနစ်ပါးရှိကုန်၏"

"အရှင်ဘုရား တရားသဘောကို အဘယ် မျှသော ဗောဇ္ဈင်ဖြင့် သိနိုင်ပါသနည်း"

"မင်းမြတ် ဓမ္မဝိစယ သမ္ဗောဇ္ဈင်တစ်ပါး တည်းဖြင့် သိနိုင်ပေ၏။"

"အရှင်ဘုရား၊ ဗောဇ္ဈင်တစ်ခုတည်းဖြင့် သိနိုင်ပါလျက် အဘယ့်ကြောင့် ဗောဇ္ဈင်တရား ခုနစ်ပါး ဟောထားရပါသနည်း"

"မင်းမြတ်၊ သန်လျက်အိမ်၌ ထည့်ထား သော သန်လျက်သည် လက်၏အကူအညီမပါဘဲ အရာဝတ္ထု တစ်ခုခုကို ဖြတ်တောက်နိုင်ပါမည် လော"

"အရှင်ဘုရား၊ မဖြတ်တောက်နိုင်ပါ"

"မင်းမြတ်၊ ဤအတူသာပင် ကျန်သော ဗောဇ္ဈင်ခြောက်ပါးတို့နှင့် ကင်း၍ ဓမ္မဝိစယ သမ္ဗောဇ္ဈင် တစ်ပါးတည်းဖြင့် တရားသဘော ကို မသိနိုင်ပေ"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

ဗုဒ္ဓသာသနာနှင့် ပစ္စည်းလေးပါးရှင်တို့အတွက်

# ရဟန်းကောင်း ရဟန်းမြတ်တို့၏ တာဝန်

ဓမ္မဝီရ

## ရဟန်းတို့၏ ထိတ်လန့်ကြောက်မက် ဖွယ်ရာများ

သာသနာ့ဝန်ထမ်းရဟန်းများသည် မိမိတို့၏ ခံယူချက်နှင့်အညီ ရဟန်းဘဝရောက်ရှိလာပြီးနောက် ဂန္ထဓုရ၊ ဝိပဿနာဓုရကို ကြိုးစားအားထုတ်၍ သင်ယူမှု ကျင့်ကြံမှုကို ပြုလုပ်ရပါမည်။

ထိုသို့ပြုလုပ်မှုသည် မိမိအတွက်ရော သာသနာအတွက်ရော ပစ္စည်းလေးပါး ထောက်ပံ့ကြသော ဒကာ-ဒကာမများအတွက် အကျိုးကြီးမားပါမည်။

- ရဟန်းကိစ္စ ရဟန်းအလုပ်ကိစ္စကို မလုပ်၊ အားမထုတ်သော ရဟန်းသည် ရဟန်းဖြစ်ရကျိုးမနပ်၊ သာသနာကို စောင့်ရှောက်ရာမရောက်၊ သာသနာကို ဖျက်ဆီးရာရောက်ပြီး၊ သာသနာ့ဝန်စီးဝန်ပိုးသာ ဖြစ်ပါမည်။

သာသနာ့ဘောင်နေပြီး သာသနာ့တာဝန် မကျေပွန်သော ရဟန်းတို့နှင့်ပတ်သက်၍ ဗုဒ္ဓက အဂ္ဂိခန္ဓောပမာသုတ်၌ ဟောထား ဆုံးမထားသည်မှာ-

- ဒုဿီလရဟန်းအတွက် မီးပုံကြီးကို ပွေ့ဖက်၍ထိုင်ခြင်း အိပ်ခြင်းက သေရုံသာ (သို့မဟုတ်) သေမလောက် ဆင်းရဲခံစားရရုံရှိ၏။ အပါယ်ငရဲသို့ မကျနိုင်သေးပါ။
- လက်ခြေအင်္ဂါနုနယ်စွာသော သတို့သမီးကို ပွေ့ဖက်၍ ထိုင်မှု-အိပ်မှုကား အပါယ်ငရဲကျရောက်စရာရှိသည်။
- အားကောင်းသော ယောကျ်ားတစ်ယောက်က ခိုင်မြဲစွာ ကျစ်အပ်သော သားမြီးကြိုးဖြင့် ခြေသလုံးကို ပွတ်တိုက်သည်ရှိသော် အရေပါး-အရေထူ၊ အသား အကြော၊ အရိုးတို့ကို ဖြတ်ပြီး ရိုးတွင်းချဉ်ဆီ ထိခိုက်ခံရခြင်းထက် ဒုဿီလရဟန်း၏

လူဝတ်ကြောင်တို့ ရှိခိုးဝတ်ချမှုကို သာယာခြင်းက သာ၍ ကြောက်စရာကောင်းသည်မှာ-ကြိုးပွတ်တိုက်မှုက သေရုံသာ၊ သို့မဟုတ်ဘဲ သေလုမတတ် ဆင်းရဲရောက်ရုံသာ အပါယ်ငရဲမရောက်နိုင်ပါ။ လူဝတ်ကြောင်တို့၏ ရှိခိုးဝပ်ချမှုကို သာယာခြင်းက အပါယ်ငရဲကျရောက်နိုင်သည်။

- အားကောင်းသော ယောကျ်ား၏ လွန်စွာထက်သော လှံဖြင့်ရင်ဘတ်ကို တည့်တည့်ထိုးခံရခြင်းထက်-ဒုဿီလရဟန်း၏ လူကြီးလူကောင်းတို့၏ လက်အုပ်ချီမှုကို သာယာခြင်းက သာ၍ကြောက်စရာကောင်းသည်မှာ... ရင်ဘတ်ကိုလှံထိုးခံရခြင်းက သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဆင်းရဲရောက်ရုံသာ- အပါယ်ငရဲမကျရောက်နိုင်၊ ဒုဿီလဖြစ်လျက် ရှိခိုးခံရမှုကို သာယာခြင်းကား အပါယ်ငရဲကျရောက်နိုင်သည်။

- အားကောင်းသောယောကျ်ားက မိမိကိုယ်ခန္ဓာကို မီးလျှံတောက်နေသော သံပြားဖြင့် ရစ်ပတ်ထားခြင်းကို ခံရခြင်းထက် ဒုဿီလဖြစ်လျက် လူကြီးလူကောင်းတို့၏ သဒ္ဓါတရားဖြင့် လှူအပ်သော သင်္ကန်းကို ဝတ်ရုံခြင်းသည်သာ၍ ကြောက်စရာကောင်းသည်မှာ ထိုအပူ သံပြားရစ်ပတ်ခံရခြင်းကား သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဆင်းရဲရောက်ရုံသာ အပါယ်ငရဲသို့ မကျရောက်နိုင်-ဒုဿီလဖြစ်လျက် ထိုသင်္ကန်းကို ဝတ်ရုံခြင်းက အပါယ်ငရဲကျရောက်နိုင်သည်။

- အားကောင်းသောယောကျ်ားက- အလွန်ပူသော သံချပ်ဖြင့် ပါးစပ်ကို ဆွဲဖွင့်၍ မီးအလျှံတောက်နေသော သံလုံးကိုထည့်သွင်းလိုက်သည်ရှိသော် ထိုသံလုံးသည် နှုတ်ခမ်းကိုသော်လည်းကောင်း၊ ခံတွင်းကိုသော်လည်းကောင်း၊ လည်ချောင်းကိုလည်းကောင်း၊ ရင်ကိုလည်းကောင်း၊ အဆက်ဆက်လောင်းပြီးလျှင် အူသေးအူမတို့ကို ယူဆောင်လျက် အောက်သို့ထွက်လာ၏။

- ထိုသံလုံးကို မျိုခြင်းထက် လူဝတ်ကြောင်တို့၏ သဒ္ဓါတရားဖြင့် လှူအပ်သော ဆွမ်းကို ဒုဿီလရဟန်းအဖြစ်

ဖြင့် စားခြင်းသည် ကြောက်ဖွယ်ကောင်းလှသည်မှာ သံတုံးကိုမျိုရခြင်းကား သေရုံသာ- သို့မဟုတ် သေလုမတတ်ဆင်းရဲရောက်ရုံသာ အပါယ်ငရဲသို့ မကျရောက်နိုင်၊ ဒုဿီလဖြစ်လျက် ထိုဆွမ်းကိုစားပါက အပါယ်ငရဲသို့ ကျရောက်နိုင်သည်။

- အားကောင်းသော ယောကျ်ားသည် ပုခုံးကို ကိုင်၍ အလွန်ပူသော ညောင်စောင်းအင်ပျဉ်၌ ထိုင်စေခြင်း၊ အိပ်စေခြင်းခံရသည်ထက် သဒ္ဓါတရားဖြင့် လှူအပ်သော ညောင်စောင်းအင်းပျဉ်၌ ဒုဿီလရဟန်းအဖြစ်ဖြင့် သုံးစွဲရခြင်းသည်သာ၍ ကြောက်စရာ ကောင်းသည်မှာ ထိုညောင်စောင်းအင်းပျဉ်၌ ထိုင်ရခြင်းကြောင့် သေရုံသာ၊ (သို့မဟုတ်)သေလုမတတ် ခံစားရုံသာ၊ အပါယ်ငရဲမကျရောက်နိုင်၊ သဒ္ဓါ၍ လှူအပ်သော ထိုညောင်စောင်းအင်းပျဉ်၌ ဒုဿီလအဖြစ် ထိုင်ရခြင်းသည်ကား အပါယ်ငရဲသို့ ကျရောက်နိုင်သည်။

- အားကောင်းသော ယောကျ်ားသည် ဦးခေါင်းအောက်ထိုးထား၍ ခြေနှစ်ချောင်းကိုင်လျက် အလျှံတောက်နေသော သံရည်အိုးထဲသို့ ပစ်ချခံရ၍ အမြှုပ်များထကာ ပွက်ပွက်ဆူလျက် အထက်သို့ ပေါ်လာလိုက်၊ အောက်သို့ မြုပ်သွားလိုက် ဘေးသို့ရောက်သွားလိုက်အားဖြင့် ကျက်နေရခြင်းထက် သဒ္ဓါတရားဖြင့် လှူအပ်သောကျောင်း၌ ဒုဿီလအဖြစ်ဖြင့် နေခြင်းသည် သာ၍ ကြောက်ဖွယ်ကောင်းသည်မှာ ထိုအပူ အိုးထဲအချခံရမှုက သေရုံသာ၊ (သို့မဟုတ်)သေလုမတတ် ခံစားရရုံသာ၊ အပါယ်ငရဲသို့ မကျရောက်နိုင်ပါ။ ထိုကျောင်း၌ ဒုဿီလအဖြစ်နေခြင်းက အပါယ်ငရဲ ကျနိုင်သည်။

ဟူ၍ ဒုဿီလရဟန်း၏ ဒကာ ဒကာမတို့ သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းအပေါ်သုံးစွဲခြင်း ဆိုးကျိုးအပြစ်ကို ဥပမာများဖြင့် ဟောကြားပြသခဲ့ပါသည်။

ထိုတရားအဆုံးတွင် ဒုဿီလရဟန်းအချို့သွေးအန်သည်။ လူထွက်ကြသည်။ သီလရှိသော ရဟန်းတို့က ရဟန္တာဖြစ်သွားကြသည်။

**ဓမ္မဝီရ**

# အဦးဒါန (သို့) အဦးအဖျား လှူဒါန်းမှု အကျိုး

မောင်သာ-ဒသန

တနင်္ဂနွေနံနက်စောစော မြေးအဖွားနှစ်ယောက် စကားပြောသံကို ကြားနေရ၏။ ပထမတော့ မသဲမကွဲ။ နောက်မှ မြေးလုပ်သူက အဖွားဖြစ်သူကို ထမင်းဦးပေါင်းချ ဖယ်ထားသည်ကို မေးနေကြောင်းသိရ၏။ ကျွန်တော် ပထမတော့ တော်တော်စပ်စုတဲ့ကောင်လို့ မှတ်ချက်ပြု၏။ နောက်မှ ကလေးဆိုတာ မြင်တာကို မှတ်လွယ်၏။ မြင်သမျှကို သိချင်၏။ သိလွယ်၏။ အတုလည်း ယူတတ်၏။

ကလေးအရွယ်ဟူသည် လူကြီးတွေ ပြောသမျှ သူတို့အတွက် ပုံပြင်လိုဖြစ်ချင်ဖြစ်နေပေမယ့် ကြီးလာတော့မှ ခွဲခြားသိတတ်လာပြီး ယုံကြည်ချက်နဲ့ ယဉ်ကျေးမှုအဖြစ် လက်ခံလာကြပါတယ်။

ကျွန်တော်တို့ ငယ်ငယ်က အိပ်ရာထဲမှာ အဖေက ပုံပြင်တွေပြောပြတယ်။ ရွှေယုန်နဲ့ ရွှေကျားသက်ကယ်ရိပ်သွားပုံပြင်။ မိဘနှစ်ပါးကို လုပ်ကျွေးတဲ့ သုဝဏ္ဏသာမအကြောင်း ဒါတွေဟာ ငယ်ငယ်တုန်းကတော့ ပုံပြင်တွေလို့ လက်ခံခဲ့ပါသည်။ ဒီနေရာမှာ သူသိချင်တာကို ပြောပြမှ ဖြစ်တော့မည်လို့ ဆုံးဖြတ်လိုက်၏။

အဘိုးရဲ့မြေးမှာ အဖေကြီးနဲ့ အမေကြီး ရှိတယ်။ အဖေကြီးနဲ့ အမေကြီးကမြေးကို ငယ်ငယ်လေးတည်းက အခုမြေးလေး ၄-၅ နှစ်ဖြစ်လာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြတာ။ သူတို့ကို မြေးမချစ်ဘူးလား၊ ချစ်တယ်။ ယခုလို မြေးကြီးပြင်းလာတာ မိဘတွေ ကျေးဇူးကြောင့်ဖြစ်တယ်။ အဲဒီတော့ အဲဒီကျေးဇူးတွေကို ငါ့မြေးပေးဆပ်ဖို့ရှိတယ်။ အဘိုးတို့ ဗုဒ္ဓဘာသာဝင်တွေ ဒီတာဝန်က အလွန်တစ်ရာ အရေးကြီးတယ်။ မြေးငယ်လေးတင် မဟုတ်ပါ။ သားကြီး သမီးကြီးတို့လည်း သိစေချင်ပါသည်။

မိဘဆိုတာ အနန္တောအနန္တငါးပါးမှာ အပါအဝင်ဖြစ်တယ်။ ဘုရား တရား သံဃာ ပြီးရင် မိဘက အရေးကြီးဆုံးဖြစ်တယ်။ ဒါကြောင့်လဲ "မိဘကျေးဇူး မြင့်မိုရ်ဦး" မိဘကျေးဇူးက ဆပ်လို့မကုန်ဖူးတဲ့။ မင်္ဂလာတရားတော်မှာ "မာတာပိတု ဥပဋ္ဌာနံ" အမိအဖတို့ကို လုပ်ကျွေးရမယ်လို့ ဟောပြထားတယ်။ ယဉ်ကျေးလိမ္မာဆုံးမစာတို့၊ လောကနီတိဆုံးမစာတို့မှာလည်း "မိဦး ဖဦး ဆရာဦး ခူး၍အလျင်မစားနှင့်" လို့ ဆိုထားတယ်။

ယခု ငါ့မြေးတွေ့တဲ့ ဦးပေါင်းချတယ် ဆိုတာ မိမိတို့စားမယ့် အစားအသောက်အသုံး အဆောင်တွေကို မိမိတို့ မစားခင်၊ စားမယ် ဆိုရင်လည်း ကျေးဇူးကြီးမားလှတဲ့ ပုဂ္ဂိုလ် တွေကို အဦးအဖျားလှူဖို့ ဖယ်ထားတာကို ဦးပေါင်းချတယ်လို့ ပြောတာ။

ဒါပေမယ့် ကျွန်တော် ရှင်းပြသည်ကို ကလေးနားလည်ရခက်ပါမည်။ သူ့အသိက ငယ်ရွယ်သေး၏။ ဒါပေမယ့် ပြောဖြစ်အောင် ပြောရမည်။ တနင်္ဂနွေ ပိတ်ရက်ဆိုတော့ အိမ် မှာ လူစုံ၏။ သမီးငယ် သားငယ်တို့လည်း ကျောင်းပိတ်၊ အိမ်မှာရှိနေကြ၏။ သူတို့ကို ပိုပြီး သိစေချင်ပါသည်။ ယနေ့ လူငယ်အများ စုက ဘာသာ စာရိတ္တနဲ့ ကင်းကွာနေသည်ဟု ယူဆမိ၏။

ဘယ်ကစ ပြောရမလဲ စဉ်းစားပြီး ဒါန ဆိုတာကိုတော့ ပေးကမ်းစွန့်ကြဲခြင်းလို့ ဗုဒ္ဓ ဘာသာဝင်တိုင်း သိကြပါ၏။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များ ဘုရားအမှူးရှိသော ရဟန်းသံဃာ တော်များ၊ မိဘဆရာသမားတို့အတွက် လှူဒါန်း ခြင်းလို့ ခေါ်၏။ မိတ်ဆွေအပေါင်းအသင်း လူအချင်းချင်းအတွက်မူ ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်းလို့ ခေါ်၏။ အားလုံးကတော့ မိမိမှာရှိတဲ့ မိမိပိုင်ဆိုင်တဲ့ ပစ္စည်းကို စေတနာ သဒ္ဓါတရားနဲ့ ပေးကမ်းခြင်းသည် လှူဒါန်း ခြင်း အလှူဒါန မည်၏။

ဟိုယခင် ၁၉၆၂ ခုနှစ် မတိုင်မီအချိန်က အစိုးရပညာရေးမှာ ကျောင်းမလုံလောက်မှု၊ ကျောင်းဆရာနည်းပါးမှုများကြောင့် လူထု ပညာရေးကောင်စီကို ဖွင့်လှစ်ပြီး လူထုပညာ ရေးကောင်စီကနေ ဘုန်းတော်ကြီးသင်ပညာ ရေးအဖြစ် ဘုန်းကြီးကျောင်းများက မူလတန်း အဆင့်အထိ ပူးတွဲသင်ကြားပေးခဲ့ရ၏။ ဗုဒ္ဓ ဘာသာ ကလေးသူငယ်များအတွက် ငယ်စဉ်က ဘာသာယဉ်ကျေးမှု၊ ဘာသာစာရိတ္တများကို သင်ကြားခဲ့ရသည်။

ဘာသာ စာရိတ္တအကြောင်းနဲ့ပတ်သက် ပြီး ယနေ့လူငယ်များအပေါ် လိုအပ်တာတွေ များနေသည်မှာ အမှန်ပင်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့် ရိုသေမှု ကိုင်းရှိုင်းမှုကအစ တစ်စတစ်စ ယိုယွင်းလာခဲ့သည်မှာ အားလုံး အသိပါ။ ဒါတင်မဟုတ်သေးပါ။ ဘာသာ အယူဝါဒအပေါ် သက်ဝင်ယုံကြည်မှုများသည် လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှု အသွင် သဏ္ဌာန်များသည်လည်းကောင်း ကျဆင်းနေပြီ ဟု ဆိုရပေမည်။

ပြောချင်တာတွေ အများကြီး ဖြစ်နေသ ဖြင့် လိုချင်တဲ့ဆီမရောက် ဖြစ်နေပါဦးမည်။ ယခု ကျွန်တော်ပြောချင်တဲ့အထဲက အဦးအဖျား လှူဒါန်းရခြင်း အဦးဒါနကို အဓိကထား ပြော ပြပါမည်။ ကျောင်းမှာ သင်ကြားနေရသည့် လူမှုရေးမင်္ဂလာ "လူမိုက်ဆိုလျှင်၊ ရှောင်သွေ

လွဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ၊ ပညာရှိကို၊ အရှည်တွဲလို့၊ မှီဝဲဆည်းကပ်နည်းယူစေ၊ သုံးပါးရတနာ၊ မိဘများနှင့် ဆရာသမားကို ပူဇော်လေ'' ဆိုတဲ့ မင်္ဂလာ၊ ''အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရှိသေသေ'' ဆိုသည့် သင်ကြားမှုများသည် ယဉ်ကျေးမှုနှင့်ဘာသာ စာရိတ္တကို ညွှန်ပြဆုံးမထားပေသည်။

ကျွန်တော်တို့ မြန်မာစကားပုံရှိပါသည်။ ''အလှူပေး သူဌေးဖြစ်'' ဒါကတော့ အလှူဒါန ဟူသမျှ အကျိုးပေးကောင်းသည်ဖြစ်၏။ သို့သော် ''လှူတတ်မှ မြတ်သည်'' ဆိုရိုးစကား ရှိပါသည်။ ဤနေရာ၌ အလှူပေးထားခြင်း တူပေမယ့် အကျိုးပေးပုံချင်းတော့ မတူကြပါ။ ဘာကြောင့်လဲဆိုတော့ လှူချင်တာက စိတ်စေတနာ သဒ္ဓါတရား၊ လှူဖွယ်ဝတ္ထု၏ သန့်စင်မှု၊ အလှူခံပုဂ္ဂိုလ်၏ သီလ သမာဓိ အပေါ် မူတည်၍ အကျိုးပေး အနည်းနဲ့အများ ဖြစ်ကြရပေသည်။

အလှူဒါနဟူသည် လှူချင်ပါသော်လည်း အလှူခံပုဂ္ဂိုလ်ရှိမှ၊ ရှိပြန်သော်လည်း သီလဝန္တ ပုဂ္ဂိုလ်မျိုးနှင့် မတွေ့ကြုံပါက အကျိုးသက်ရောက်မှု အလွန်နည်းပါးရလေသည်။ ဝေလာမ ပုဏ္ဏားကြီး အလှူမျိုးကို ဥပမာဆိုချင်ပါသည်။ ဝေလာမပုဏ္ဏားကြီးသည် ၇-ရက် ၇-လီ ထမင်းရေချောင်းစီး လှူဒါန်းနိုင်ပါသော်လည်း သူ၏အလှူကို လက်ခံမည့် သီလဝန္တပုဂ္ဂိုလ် မရှိတဲ့ သာသနာပကာလဖြစ်နေသောကြောင့် အကျိုးသက်ရောက်မှုနည်းပါးရ၏။

ဗုဒ္ဓဘာသာဝင်တို့အတွက် ဒါနဟူသည် မျက်မှောက်ဘဝ၊ တမလွန်ဘဝ နှစ်ရပ်လုံး၌ အကောင်းဆုံးသော မှီခို အားထားရာဖြစ်ပေသည်။ ဗုဒ္ဓအလောင်းတော်ကိုယ်တိုင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာ၌ အစဦးစွာ ဒါနပါရမီကို ဖြည့်ကျင့်ပြီးမှ ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်တော်မူခြင်း ဖြစ်ပေသည်။

ဒါနဟူသည် နတ်ပြည်၏ စောင်းတန်းလှေကားဖြစ်၍ မြတ်သော ရိက္ခာလည်းဖြစ်သည်။ မဂ်ဖိုလ် နိဗ္ဗာန်၏ အကြောင်းလည်း ဖြစ်သည်။ စည်းစိမ်ချမ်းသာကို ပေးတတ်၏။ ချမ်းသာကို ပွားစေတတ်၏။ မိမိကိုယ်ကိုလည်း စောင်မတတ်၏။ မယဉ်ကျေးသူကိုလည်း ယဉ်ကျေးစေတတ်၏။ အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။ ''ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော'' မြတ်သော မင်္ဂလာတစ်ပါး ဖြစ်၏။

ဒီနေရာမှာ ဒါနအကြောင်းနှင့် ဒါနအဓိပ္ပါယ်ကို သိအောင် ပြောပြလိုက်ပါတယ်။ ဒါန အမျိုးမျိုးနဲ့ အကျိုးသက်ရောက်ပုံကိုတော့ စာရှည်သွားမှာစိုး၍ မရှင်းပြတော့ပါဘူး။ လိုရင်းဖြစ်တဲ့ အဦးဒါန ဆွမ်းဦးပေါင်း အကြောင်းကိုပဲ ဆက်ပြီး ရှင်းပြပါမယ်။

ဗုဒ္ဓဝင် နိပါတ်တော် အာဒိတ္တဇာတ်၌ မင်းနှင့်မိဖုရားတို့၏အလှူကို ပစ္စေက ဗုဒ္ဓါ

အရှင်မြတ်တို့၏ အနုမောဒနာပြုရာ၌ "မြတ်သောမင်းကြီး၊ ပစ္စေကဗုဒ္ဓါအစပြု၍ ဝိပဿနာပွားများနေသော ယောဂီပုဂ္ဂိုလ်တိုင်အောင် တရားထူးကိုရသော ပုဂ္ဂိုလ်တို့အား လှူလဖြင့်ရသော ဝတ္ထုပစ္စည်း အဦးအဖျားကိုယူ၍ လှူဒါန်းသောသူသည် ယမမင်းနိုင်ငံဖြစ်သော ငရဲမှလွတ်မြောက်၍ နတ်ပြည်သို့ရောက်ရ၏" ဟု ဟောကြားတော်မူခဲ့သည်ကို သိရပါသည်။

မိမိရဲ့ အစားအစာကိုပဲဖြစ်ဖြစ်၊ အသုံးအဆောင်ပဲဖြစ်ဖြစ်၊ မိမိမသုံးဆောင်ခင် မြင့်မြတ်တဲ့ ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်တွေကို အဦးအဖျားလှူဒါန်းရမှု အဦးဒါနကြောင့် အကျိုးပေးကောင်းပုံ အကြောင်းကို ဗုဒ္ဓဝင် နိပါတ်တော်လာ ပထမဦးဆုံး ဦးဦးဖျားဖျား ဓမ္မစကြာတရားဦး နာကြားရခြင်း၊ ပထမဦးဆုံး ဗုဒ္ဓသာဝကအဖြစ် ရရှိသော အရှင်ကောဏ္ဍည မထေရ်အကြောင်းကို ဖော်ပြပါမယ်။

အရှင်ကောဏ္ဍည လောင်းလျာသည် တစ်ခါက တစ်ဘဝမှာ လယ်လုပ်ပုဏ္ဏားဖြစ်ခဲ့ဖူး၏။ ထိုစဉ်အခါက သူသည် လယ်ယာလုပ်ကိုင်စဉ် သူ၏ လယ်လုပ်ငန်းကိုမှီ၍ အဦးဒါန(၉)မျိုးကို လှူဒါန်းခဲ့ဖူး၏။ အဲဒီ(၉)မျိုးက လယ်လုပ်ငန်းအစ မျိုးဦးဒါန၊ ကောက်ဦးဒါန၊ မုန့်ဆန်းဒါန၊ ရိတ်ဦးဒါန၊ ကောက်လှိုင်းဒါန၊ ကောက်ဦးပုံဒါန၊ နယ်ဦးဒါန၊ စပါးဦးပုံဒါန နှင့် ကျီဦးဒါနဆိုပြီး အလုပ်တစ်ခု စတိုင်း စတိုင်း အဦးဒါနကို လှူဒါန်းခဲ့၏။

ထိုအလှူ အဦးဒါန၏ အကျိုးပေးကံကြောင့် ဤဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရားရှင်လက်ထက်တော်တွင် အရှင်ကောဏ္ဍည အပါအဝင် ပဉ္စဝဂ္ဂီငါးပါးတို့သည် အဦးဆုံးဟောကြားသော ဓမ္မစကြာတရားတော်ကို နာကြားရပြီး၊ အဦးဆုံးသော သာဝကဆုကို ရရှိခဲ့သည်။ ဘုရားရှင်လက်ထက်တော်မှာ နောက်ဆုံး သာဝကအဖြစ် ရရှိခဲ့တဲ့ အရှင်သုဘဒ္ဒကတော့ အရှင်ကောဏ္ဍညရဲ့ညီတော်ခဲ့ဖူးပါ၏။

ဒီနေရာမှာ အရှင်ကောဏ္ဍညနဲ့ အရှင်သုဘဒ္ဒတို့ဟာ ဟိုဘဝမှာ လယ်လုပ်ပုဏ္ဏားဖြစ်စဉ်က အဦးအဖျားလှူတဲ့ စေတနာဒါနနဲ့ အားလုံးပြီးစီးမှ နောက်ဆုံးကျမှ လှူတတ်သော ဒါနတို့၏ အကျိုးပေးကွာခြားမှုကြောင့် ဘုရားရှင်လက်ထက်တော်မှ အစဦးတရားနာကြားရခြင်း၊ အစဦးသာဝကအဖြစ်ရရှိခြင်းနှင့် နောက်မှ သာဝကဆုရရှိခြင်းဟူသော ဒါနအကျိုးပေးမတူ ကွာခြားခဲ့ရခြင်းဖြစ်လေသည်။

အဲဒီတော့ အစအဦး လှူရတဲ့ အကျိုးပေးကြောင့် နောင်ဘဝမှာ အကျိုးပေးကွာခြားမှုကို သိကြရလျှင် မိမိ၏ ရရှိခံစားကြရတဲ့ အထဲကနေပြီး ဘုရားအမှူးရှိသော မြင့်မြတ်သည့် အနန္တောအနန္တငါးပါးတို့ကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဦးဦးဖျားဖျား လှူဒါန်းကြရင်းဖြင့် နောင်ဘဝ အကျိုးပေးကောင်းများ ရနိုင်ကြပါစေ။

**မောင်သာ(ဒဿန)**

# ဂင်္ဂါဖြစ်ရ ရေနွေးဖြစ်စေသ

▶ တက္ကသိုလ်သျှင်သီရိ
<ပဏ္ဍိစရိယ ဘီအေ>

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ပထမသံဂါယနာ တင်ခါနီး တစ်ခုသော အချိန်ကာလ ဖြစ်ပါသည်။



▶ ပန်းချီ ကိုင်မွန်းမွန်း

ရှင်မဟာကဿပ မထေရ်မြတ်သည် ရဟန်းတစ်ကျိပ်နှစ်ပါးနှင့်အတူ ကောသမ္ဗီပြည်အနီးရှိ တောအုပ်တစ်ခု၌ သီတင်းသုံး နေတော်မူသည်။


တစ်နေ့တွင် ဥတေနမင်း၏ အမတ်ဖြစ်သော ဥတ္တရလုလင်သည် အလုပ်သမားများကို ခေါ်ကာ မြို့ပြုပြင်ရန်အတွက် လိုသော သစ်များခုတ်ရန် တောအုပ်သို့ ရောက်လာခဲ့သည်။
တောသို့ ရောက်လျှင် ပံ့သကူသင်္ကန်းကို ခြုံလျက် တင့်တယ်တော်မူသော ရှင်မဟာကစ္စည်းမထေရ်မြတ်ကို ဖူးမြင်ရသောအခါ ကြည်ညိုသဒ္ဓါ ဖြစ်လေသည်။


ဥတ္တရအမတ်သည် မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးကန်တော့သောအခါ မထေရ်မြတ်က တရားဟောတော်မူပါသည်။
အရှင်မြတ်ဘုရား မနက်ဖြန် တပည့်တော်အိမ်၌ ဆွမ်းစား ကြွတော်မူပါ ဘုရား
သူသည် ရှင်မဟာကစ္စည်းမထေရ်မြတ်ကို လွန်စွာကြည်ညိုသောကြောင့် သရဏဂုံ ဆောက်တည်ပြီး လျှင် ဆွမ်းစားရန် ပင့်လျှောက် လေသည်။



ဥတ္တရအမတ်သည် သစ်ခုတ်ရန်ကိစ္စကို အလုပ်သမားများအား အပ်နှံပြီး အိမ်သို့ပြန်ကာ နောက်နေ့အတွက် ဆွမ်းကပ်ရန် စီစဉ်သည်။
နောက်တစ်နေ့ရောက်သော် ရှင်မဟာကစ္စည်းမထေရ်မြတ်သည် နောက်ပါသံဃာများနှင့်အတူ ဥတ္တရအမတ်အိမ်သို့ ဆွမ်းစားကြွလာလေသည်။


ရှင်မဟာကစ္စည်းမထေရ်မြတ်သည် ဆွမ်းစား ပြီးလျှင် အနုမောဒနာတရား ဟောကြား၏။
ရှင်မဟာကစ္စည်းမထေရ်မြတ်သည် ဥတ္တရအမတ်ထံ မကြာမကြာ ကြွလာ၍ တရားဟောတော်မူရာ ဥတ္တရအမတ်သည် မကြာမီ သောတာပန် အဖြစ် ရောက်လေသည်။


နောင်အခါတွင် ဥတ္တရအမတ်သည် ပတ်ဝန်းကျင်ရှိ ဆွေမျိုးများ မိတ်ဆွေများအား သာသနာတော်ကို ကြည်ညိုလာရန် စည်းရုံးပြောဆိုရာ အားလုံးက သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားကာ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။
သို့သော် သူ၏ မိခင်ကြီးကိုမူ စည်းရုံးသိမ်းသွင်း၍ မရချေ။


သံဃာတော်များကို လှူဒါန်းနေသော သားကို မကြည်ဖြူသော မိခင်သည် တစ်နေ့တွင် ဤသို့ ကျိန်ဆဲလေသည်။
မင်းဟာ ငါမကြည်ဖြူတဲ့ ဘုန်းကြီးရဟန်းတွေကို ဆွမ်း စသည် တို့ကို ပေးကမ်း လှူဒါန်း တယ် ... အေး ... မင်းလှူဒါန်း သမျှ တမလွန်ဘဝမှာ မင်း အတွက် သွေး ဖြစ်ပါစေ...
ထိုသို့ ကျိန်ဆဲခဲ့သော ဥတ္တရအမတ်၏ မိခင်သည် သားကိုချစ်သော ကြောင့် ကျောင်းအလှူပွဲတစ်ခုတွင် စုပေါင်းပြီး ဒေါင်းမြီးစည်းကို ဝမ်းမြောက်ဝမ်းသာ ပေးလှူခဲ့ဖူးသည်။




▶ တက္ကသိုလ်ချင်းသီရိ
<ဓမ္မာစရိယ ဘီအေ>
▶ ပန်းချီတင်ထွန်းထွန်း

# မေတ္တာသုတ်ကို ရွတ်ကြပါစို့

နိုင်ကြည်မြင့် (သာသနဓဇဓမ္မာစရိယ)

မေတ္တာသုတ်သည် ဗုဒ္ဓဘာသာ သာသနာတော်တွင် အလွန်ထင်ရှားသော သုတ်တစ်သုတ်ဖြစ်သည်။ ငယ်စဉ်ကတည်းက သာသနာလောကကို ဝင်ရောက်သူဖြစ်ယင် မေတ္တာသုတ်ကို အရင်ကျက်မှတ်ရသည်။ မေတ္တာသုတ်ကို ရထားမှ ဆွမ်းကျွေးအိမ်ရောက်လျှင် မေတ္တာသုတ်ကို လွယ်လွယ်ကူကူရွတ်ဆိုနိုင်မည် ဖြစ်သည်။

ကျောင်းမှာ ညဘုရားရှိခိုးတဲ့အခါ မေတ္တာသုတ်ကို ရွတ်ဆိုရမည်ဖြစ်ပါသည်။ မေတ္တာသုတ်ရထားမှ သာသနာလောကမှာ အဆင်ပြေရမည်ဖြစ်သည်။ မေတ္တာသုတ်မရထားယင် အရာရာမှာ အဆင်မပြေဖြစ်ရမည်ဖြစ်သည်။ ဒါ့ကြောင့် မေတ္တာသုတ်သည် အရေးကြီးသောသုတ်တစ်သုတ်ဖြစ်လာတော့သည်။

ဘုရားရှင်ကိုတော်မြတ်လက်ထက်တော်အခါတုန်းက ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းသင်ယူကြပြီးလျှင် တရားအားထုတ်ရန် နေရာရှာဖွေလျက် သွားကြသည်ရှိသော် သာဝတ္ထိပြည်မှ ယူဇနာတစ်ရာဝေးကွာသောအရပ်၌ အိမ်ခြေတစ်ထောင်ရှိသော ရွာတစ်ရွာသို့ ရောက်ကြလေ၏။

ထိုအခါ ရွာသူရွာသားတို့သည် ပစ္စည်းလေးပါး ဒါယကာခံယူကြ၍ ရွာနှင့်မနီးမဝေး ဟိမဝန္တာနှင့်တစ်စပ်တည်းဖြစ်သော တောအုပ်ကြီးအတွင်း၌ တစ်ပါးစီနေလောက်သော ကျောင်းငယ်ငါးရာတို့ကို ဆောက်လုပ်လှူဒါန်းကြပြီးလျှင် ဆွမ်းတို့ဖြင့် လုပ်ကျွေးကြကုန်၏။

ရဟန်းတို့သည် သစ်တစ်ပင်စီအောက်၌ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ကြရာ၊ ရဟန်းတို့၏သီလတန်ခိုးကြောင့် ရုက္ခစိုးနတ်တို့သည် သစ်ပင်ပေါ်၌ မနေဝံ့ကြဘဲ အောက်သို့ဆင်းကာ ဆင်းရဲစွာလှည့်လည်နေကြရ၏။

တစ်ဆယ့်ငါးရက်မျှကြာလတ်သော် ဤရဟန်းများသည် ခေတ္တလာနေခြင်းမဟုတ်၊ ဝါဆိုကြမည်ဖြစ်ကြောင်း၊ ရုက္ခစိုးနတ်တို့သိရသောအခါ ရဟန်းများထွက်သွားကြအောင် နေ့သန့်ရာ ညဥ့်သန့်ရာ စင်္ကြံအစွန်းစသည်တို့၌ ထိတ်လန့်ဖွယ်ကောင်းသော ဦးခေါင်းပြတ်စသော အဆင်း ကြောက်မက်ဖွယ်ကောင်းသော ဘီလူးအသံ စက်ဆုပ်ဖွယ်ကောင်းသော အပုပ်အနံ့စသည်တို့ဖြင့် အမျိုးမျိုးအဖုံဖုံ ခြောက်လှန့်

ကြကုန်၏။

ရဟန်းတို့သည် စိတ်တည်ကြည်မှုမရသည့် အပြင် ချေဆတ် ချောင်းဆိုး ခေါင်းကိုက် မူးဝေ စသည်ဖြင့် ကျန်းမာရေး ထိခိုက်လာသောအခါ ကမ္မဋ္ဌာန်းဘာဝနာ မပွားများနိုင်ကြဘဲ သာဝတ္ထိသို့ ပြန်ကြ၍ မြတ်စွာဘုရားအား တွေ့ကြုံရပုံ အလုံးစုံကို လျှောက်ထားကြပြီးလျှင် အခြား တစ်နေရာ၌ တရားအားထုတ်ဖို့ရန် ညွှန်ကြားတော်မူပါမည့်အကြောင်းကိုလည်း လျှောက်ထားကြပေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤရဟန်းတို့နှင့် သင့်လျော်သော အခြားနေရာကိုကြည့်တော်မူရာ ညောင်စောင်းတစ်နေရာမျှလောက် ရှိသော အရပ်ကိုပင် မမြင်ချေ။ ဤနေရာ၌သာလျှင် တရားထူးရကြလိမ့်မည်ဟု မြင်တော်မူ၏။

ထို့ကြောင့် ရဟန်းတို့အား ဤနေရာဟောင်း၌သာလျှင် ပြန်၍ဝါဆိုကြရန်နှင့် မေတ္တာသုတ်ကို ရွတ်ကြရန် မိန့်တော်မူ၍ မေတ္တာသုတ်ကို သင်ကြားပေးတော်မူ၏။

ရဟန်းတို့သည် ပြန်လာကြ၍ တောအုပ်အဝင်ဝမှစပြီး မေတ္တာသုတ်ကို ရွတ်လာကြရာ ရက္ခစိုးနတ်တို့သည် ချစ်ခင်မြတ်နိုးကြည်ညိုကြပြီးလျှင် ခရီးဦးကြိုဆိုကြကုန်၏။ သောက်ရေ သုံးရေ တည်ထားကြကုန်၏။ ဘေးရန်မရှိအောင် စောင့်ရှောက်ကြကုန်၏။ ဤသို့ဖြင့် ရဟန်းငါးရာတို့သည် စိတ်ချမ်းသာစွာ ကမ္မဋ္ဌာန်းဘာဝနာပွားများအားထုတ်နိုင်ကြရာ ထိုဝါတွင်းမှာပင် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူကြကုန်၏။

ဤသုတ်၌ မေတ္တာပွားများပုံပါသောကြောင့် မေတ္တာသုတ်ဟု ခေါ်တွင်၏။ နတ်တို့ချစ်ခင်သောကြောင့် "ဒေဝတာ ပီယသိဒ္ဓိ" မန္တာန်တော်ကြီးဟူ၍လည်း ခေါ်ထိုက်၏။ ဤမေတ္တာသုတ်၌ ဗုဒ္ဓဘာသာကျင့်ဝတ် တစ်ဆယ့်ငါးပါး မေတ္တာပို့နည်းပွားများနည်း ဗြဟ္မာဖြစ်လမ်း မဂ်ဖိုလ်ရလမ်းတို့လည်း ပါဝင်လေသည်။

**ဤသုတ်၏ အကျိုးအာနိသင်ကို ရှေးဆရာတို့က**

"ပူဆာနလုံး ပျက်ပြုန်းဥစ္စာ လူတကာလည်း မေတ္တာမပွား ညှဉ်းဆဲများလျက် အိပ်စက်မပျော် ညိုးလျှော်ကျဉ်းမြောင်း မကောင်း အိပ်မက် ဝိတက်ဗျာပါ ရှိသောခါမူ မေတ္တာ ပရိတ် ကြံစိတ်ရွတ်နှုတ် ခုနစ်အုပ်တည်း" ဟု စပ်ဆိုတော်မူကြလေ၏။

**ပရိတ်ရွတ်ဖတ်ခြင်းကြောင့် ပါရမီဆယ်ပါး ဖြစ်ပုံ**

၁။ ပရိတ်တရားတော်ကို နာကြားရန် နတ်များကို ပင့်ဖိတ်၍ ရွတ်ဖတ်သောကြောင့် ဒါနပါရမီ ဖြစ်၏။

၂။ ပရိတ် မရွတ်ဖတ်မီ သီလခံယူဆောက်တည်ခြင်း၊ ပရိတ်ရွတ်ဖတ်နေစဉ် ကိုယ်နှုတ်တို့ဖြင့် မကောင်းမှုမှ ရှောင်ကြဉ်ကြည်လင်အေးမြခြင်းကြောင့် သီလပါရမီ ဖြစ်၏။

၃။ ပရိတ်ရွတ်ဖတ်နေစဉ် ကာမအာရုံ ခံမင်စွဲလမ်းမှုဖြင့် ထွေထွေလာလာ ကြံစည်ခြင်းဟူသော ကာမဝိတက်မှ ထွက်မြောက်ခြင်းကြောင့် နေက္ခမ္မပါရမီ ဖြစ်၏။

၄။ ပရိတ်တော်လာ အနက်အဓိပ္ပါယ်တို့ကို သိအောင် ကြံစည်လေ့လာခြင်း၊ မသိသော အရာကို မေးမြန်း၊ ဆွေးနွေးခြင်းကြောင့် ပညာပါရမီ ဖြစ်၏။

၅။ ပျင်းရိငြီးငွေ့ခြင်းစသည်တို့ကို ပယ်ဖျောက်၍ ရွတ်ဖတ်သောကြောင့် ဝီရိယပါရမီ ဖြစ်၏။

၆။ ပရိတ်ရွတ်သောအခါ ညောင်းညာကိုက်ခဲ ထုံကျဉ်ခြင်းအစရှိသော ဆင်းရဲမှုကို သည်းခံခြင်းကြောင့် ခန္တီပါရမီဖြစ်၏။

၇။ ပရိတ်တရားတော်သည် မှန်သော တရားတော်ဖြစ်၍ ပရိတ်အရံအတားပြုသည့်အခါ အမှန်ကိုရွတ်ဆိုရခြင်းကြောင့် သစ္စာပါရမီ ဖြစ်၏။

၈။ နေ့စဉ် နေ့တိုင်း ဤသုတ်တို့ကို ရွတ်ဖတ်မည်ဟု ပရိတ်တရားတော်ကို ပိုင်းခြားသတ်မှတ်၍ ရွတ်ဖတ်သောကြောင့် အဓိဋ္ဌာန်ပါရမီ ဖြစ်၏။

၉။ ပရိတ်ရွတ်သည့်အခါ မေတ္တာတရားရှေ့ထား၍ ရွတ်ဖတ်သောကြောင့် မေတ္တာပါရမီ ဖြစ်၏။

၁၀။ ပရိတ်ရွတ်ဖတ်ပြုလုပ်ခြင်းကို ယုံကြည်သောသူ မယုံကြည်သောသူတို့၏ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း စသည်ကို လျစ်လျူပြု၍ ရွတ်ဖတ်သောကြောင့် ဥပေက္ခာပါရမီ ဖြစ်၏။

ဤသို့လျှင် ပရိတ်ရွတ်ဖတ်ခြင်းကို ပါရမီဆယ်ပါးဖြစ်၏ဟု မှတ်ယူရာ၏။

မေတ္တာသုတ်ကို ဖတ်ကြည့်လျှင် ယဿာနုဘာဝတော(ပ) ပရိယတ္တံ တံ ဘဏာမ ဟေ နစ်ဂါထာသည် မေတ္တာသုတ်ကို ရွတ်ဘို့ရန် တိုက်တွန်း နှိုးဆော်သော ဂါထာဖြစ်သည်။

ကရဏီယ မတ္ထကုသလေန(ပ) န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ တိ (၁၀)ဂါထာသည် ဘုရားရှင်ကိုယ်တော်မြတ်ဟောတော်မူခဲ့သော ဂါထာများဖြစ်သည်။


သို့ဖြစ်သည့်အတွက် မေတ္တာသုတ်(၁၂) ဂါထာကို ပိုင်နိုင်တိကျစွာ ရွတ်ဖတ်နိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။

**နိုင်ကြည်မြင့်**

**သာသနစေတမမ္ဗာစရိယ**

# ကျန်းမာနေ၍လှပါသည်(၂)

တက္ကသိုလ်လှမောင် (ရေတာရှည်)



## ကျန်းမာနေ၍ လှပါသည်

ကျန်းမာခြင်းနှင့်အလှတရားသည် စပ်ယှက် ပတ်သက်ဆက်နွယ်နေပါသည်၊ မကျန်းမာသူ တစ်ယောက်ဟာ ရောဂါဝေဒနာရဲ့အောက်မှာ အလှတရားတို့ ပျောက်ကွယ်ခဲ့ရတယ်၊ အလှ အပတို့ သူ့ရင်ထဲက ထွက်ပြေးပျောက်ကွယ် သွားတယ်၊ ဒီတော့ ကျန်းမာရေးဆိုတာဘာလဲ၊ အလှတရား ဆိုတာဘာလဲ သိဖို့ လိုအပ်လာ လေသည်၊ ကျန်းမာရေးရဲ့ ရန်သူတွေ ဘယ်သူ တွေလဲ၊ အလှတရားကို ဘယ်သူတွေက ဖျက်ဆီးပစ်နေလဲ။

အာရောဂျာ ပရမာလာဘာ မြတ်ဘုရား ဟောခဲ့သည်၊ ကျန်းမာခြင်းသည်လာဘ်တစ်ပါးဖြစ်ပါတယ်တဲ့၊ ရောဂါကင်းစင်သူကို ကျန်းမာသူဟု ဆိုရသည်၊ ရောဂါထူပြောနေသူသည် မကျန်းမာသူဖြစ်ပါ၏၊ ဖျားနာနေသူ လူမမာဖြစ်ပါ၏၊ သနားစရာကောင်းလှစွာ၏၊ ဒီတော့ ကျွန်တော်တို့က ကျန်းမာနေသူတွေလား၊ ဖျားနာနေသူလူမမာတွေလား၊ မြတ်ဘုရားကတော့ လောကကြီးမှာ ကျန်းမာနေသူဟု ပြောလျှင် အရူးသာဖြစ်ပါသတဲ့၊ ခန္ဓာရှိနေသူ မှန်သမျှရောဂါရှိသည်၊ ရုပ်သည်အမြဲဖောက်ပြန်နေသော သဘာဝရှိသည်၊ ရုပ်ဆိုတာ ကျန်းမာသည်ဟူ၍ ဘယ်တော့မှမရှိ၊ အမြဲဖောက်ပြန်ပြောင်းလဲနေသည်၊ ရုပ်ရှိလျှင် ရောဂါရှိနေသည်၊ ရောဂါရှိနေမှတော့ မကျန်း

မာသူပေ့၊ လူမမာပေ့၊ ရုပ်မှာရှိနေတဲ့ ရောဂါဟာ သူ့သဘာဝအတိုင်းရှိနေတာပါ၊ ဝဋ်သဘောနဲ့တည်ရှိနေတာ၊ ရှောင်လွှဲလို့ မရပါဘူး၊ သို့သော်လည်း ရုပ်သဘာဝကဘာမှ မသိတတ်ပါ၊ ဘာမှလည်း မခံစားတတ်ပါ၊ နာမ်သဘောလေးက ခံစားနေခြင်း ဖြစ်ပါသည်၊ မည်သူမှာခံစားနေသည်လည်း မဟုတ်၊ ဝေဒနာကသာဝေဒနာကို ခံစားနေခြင်းဖြစ်သည်။

ရုပ်နဲ့နာမ်ဆိုတာ ပြုခဲ့တဲ့ကံတွေကြောင့် ဖြစ်လာရတဲ့ အကျိုးဝိပါကဝဋ်ပါ၊ ကံဆိုတဲ့ အကြောင်းတရားကြောင့် ကံ၏အကျိုးတရားဖြစ်ပေါ်လာရတာပါ၊ အကြောင်းတရားရှိမှ အကျိုးတရားပေါ်ရပါတယ်၊ အကြောင်းမရှိရင် အကျိုးဆိုတာလည်းမရှိပါဘူး၊ ရုပ်နာမ်ခန္ဓာဘာလို့ဖြစ်ပေါ်လာရတာလဲ၊ အကြောင်းတရားကံတွေပြုလုပ်ခဲ့လို့၊ ဒီတော့ ရုပ်ရောဂါနာမ်ရောဂါတွေလည်း ပူးတွဲပါလာရတော့တယ်၊ ဒီတော့ ရောဂါတွေကင်းစင်ရင်လှမယ်၊ ရောဂါတွေထူပြောနေရင် မလှဘူး၊ အရုပ်ဆိုးအကျည်းတန်မယ်၊ ကျန်းမာနေမှ အလှတရားကို ခံစားနိုင်မှာပါ။

တကယ်တော့ အလှတရားဆိုတာ ဒီကမ္ဘာလောကကြီးထဲမှာ ရှိနေပြီးသားသဘာဝတရားပါ၊ သူ့ကိုဖျက်ဆီးသူတွေရှိလို့ သူငုပ်လျှိုးပျောက်ကွယ်နေရကာပါ၊ ဒီလိုပါပဲ ကျန်းမာခြင်းဆိုတာဟာ သူ့သဘာဝက ကျန်းမာပြီးသားပါ၊ အခြေအနေအရပ်ရပ်ကြောင့် ချို့တဲ့ ချို့ငဲ့သွားခဲ့ရတာ၊ ဒါကိုသိတဲ့ပုဂ္ဂိုလ်တွေက ကျန်းမာအောင်လည်း နေတတ်ကြတယ်၊ အလှတရားကိုလည်း ရင်မှာပိုက်ထွေးထားကြတယ်။

အရာရာမှာစိတ်ကသာလျှင် ဦးဆောင်နေပါတယ်၊ ရုပ်ဓာတ်နဲ့ နာမ်ဓာတ်သဘောလေးတွေကို ခွဲခြားနားလည်ထားဖို့လိုပါတယ်၊ ဒါမှလည်း ရုပ်အလှနဲ့ နာမ်အလှဆိုတာကို သဘောပေါက် နားလည်မယ်၊ တကယ်တော့ အလှတရားဆိုတာကို သိတတ်တဲ့ နာမ်ခန္ဓာဝေဒနာလေးက ခံစားနေခြင်းပဲဖြစ်ပါတယ်၊ စိတ်ကလေးက ခံစားနေတယ်။

ဒီနေရာမှာ အလှတရားကအရေးကြီးဆုံးပါပဲ၊ အလှတရားဆိုတာ ပန်းတိုင်ပါပဲ၊ ကျန်းမာခြင်းဆိုတာက အလှသခင် ပန်းတိုင်ဝင်ဖို့ ပြင်ဆင်ထောက်ကူပေးနေတဲ့ လမ်းကြောင်း

လမ်းမကြီးပါပဲ၊ ပန်းတိုင်နှင့်လမ်းကြောင်း အရေးကြီးလှတယ်၊ ကျန်းမာမှုက လိုရာခရီး ကိုပို့ပေးတယ်၊ ကျန်းမာမှုက အလှတရားဆီသို့ မရောက်ရောက်အောင်ဆောင်ပို့ပေးပါလိမ့်မယ်၊ ကျန်းမာနေမှ အလှတရားတွေ့မယ်၊ ကျန်းမာနေလို့ လှနေတာပါ၊ အလှတရားဆိုတာဘာလဲ။ Beauty is the experience that gives us a sense of joy and a sense of peace simultaneously အလှတရားဆိုတာ ကိုယ့်စိတ်ကို ရွှင်လန်းမှုနှင့် အေးချမ်းမှုကို တစ်ပြိုင်နက် ပေးနိုင်တဲ့ အတွေ့အကြုံပါပဲတဲ့၊ အလှတရားက စိတ်ကို ရွှင်လန်းစေတယ်၊ ငြိမ်းအေးစေတယ်။

ပတ်ဝန်းကျင်တစ်ခွင်တပြင်လုံး လှပနေပါသည်၊ ကျွန်တော်ဝန်ထမ်းဘဝ တစ်ချိန်တစ်ခါက ကျွန်တော်သည် တာဝန်ထမ်းဆောင်ရင်း မေယုမြစ်အလယ်တွင် စက်လှေလေးနှင့် စီးနင်းလိုက်ပါရင်း ပတ်ဝန်းကျင်သဘာဝကြီးကို ငေးမောကြည့်နေမိပါသည်၊ စက်လှေငယ်သည် မေယုမြစ်လယ်တွင် ကျွန်တော်တို့ကို သယ်ဆောင်သွားနေသည်၊ မေယုမြစ်သည် ဘူးသီးတောင်မြောက်ဖျားတောင်စဉ် တောင်ကြားများမှ မြစ်ဖျားခံ၍ စီးဆင်းလာပြီး ရသေ့တောင်မြို့နယ် အဆုံးသတ် အငူမော်ဆိုသည့် အရပ်နားတွင် ပင်လယ်ပြင်နှင့် ပေါင်းစပ်သွားခဲ့ပါသည်။

မေယုမြစ်လယ်မှနေ၍ မြစ်ဘေးစိုက်ခင်းလွင်ပြင်များကိုလည်းကောင်း၊ အရှေ့ဘက်မှ သြရမတောင်တန်းကြီးကိုလည်းကောင်း၊ အနောက်ဘက်မှ မေယု ရိုးမတောင်စဉ်ကြီးကိုလည်းကောင်း လှမ်းမျှော်ကြည့်မိရင်း ရင်တွင်းမှ ကဗျာတစ်ပုဒ် စပ်ကြည့်နေမိပါသည်-

* မြစ်ဆိုတာ တောင်မှာအဖျားခံ၊
အားသန်စွာပြေးလွှား၊
လွင်ပြင်ကြားဖြတ်သန်း၊ မြစ်ဝှမ်းတွေ
ထားပစ်ခဲ့၊

* လွင်ပြင်နှင့်မြစ်ဝှမ်း၊ ဘာတာဝန်တွေ
ထမ်းလဲဆိုတော့၊ လူ့ဝမ်းအတွက် ရိက္ခာ၊
စားစရာတွေပေးဆက်၊

* ကျေးငှက်သာရကာ၊ တေးချက်တွေ
ညီညာပါသနဲ့၊
သီဆိုကာတီတာမစဲ၊ သားရဲပေါ်တဲ့
တောဟောမဝါပါပေဘဲ၊

* ရေဝေကုန်းတန်းတွေက၊

ရေစမ်းတွေကိုထိန်း၊

အသိန်းမက သယံဇာတ၊

အလှရတနာတွေကို ဝေဖြာအောင်

ဆောင်ရွက်၊

တောင်ထက်တောင်မင်း တောင်ခပင်း

တို့၏ တာဝန်၊

* ကိုယ့်ဝန်းကိုယ့်တာ လုံအောင်ကာပေါ့၊

တာဝန်တွေ မပျက်ကြေးပေါ့၊

သူ့တာငါ့တာမစွက်ရေးပေါ့၊ သူ့ဟာငါ့

ဟာ မဖျက်ရေးပေါ့၊

မျိုးဆက်တွေအတွက် မဟုတ်ဖူးလား၊

* သူများလဲသွားမရှုပ်ဘူး၊

ကိုယ့်ကိုလဲလာမရှုပ်နဲ့၊ ဒို့အလုပ်ဒို့လုပ်

မည်၊

ကျွန်ုပ်ကလဲ ကိုယ့်အလုပ်ကိုယ်လုပ်နေ

တာပဲလေ။

လွင်ပြင်၏ တာဝန်သည် စိုက်ပျိုးရေး တွေလုပ်ဖို့၊ မြစ်ပြင်နှင့်ပင်လယ်၏တာဝန် သည် သားငါးတွေထုတ်ပေးဖို့၊ တောင်စဉ် တောင်တန်းတို့၏ တာဝန်သည် ရေအရင်း အမြစ်များထိန်းသိမ်းပေးဖို့၊ သယံဇာတတွေ ထုတ်ပေးဖို့ သားငှက်တွေပျော်မြူးကြဖို့ မဟုတ်ဘူးလား၊ ထို့ကြောင့် တောတောင်ကို လည်း စိမ်းလန်းစေရာ၏၊ လွင်ပြင်ကိုလည်း အလှဆင်လေရာ၏၊ တာဝန်ကိုယ်စီထမ်း ဆောင်နေကြရာဝယ် သူ့တာငါ့တာမစွက်ဖို့၊ သူ့ဟာငါ့ဟာမဖျက်ဖို့၊ တာဝန်တွေကို မပျက် တမ်း မပျက်ကြေး ထမ်းဆောင်သွားကြပြီး အသီးသီးအသကအသက တာဝန်တွေ ကျေ ကြပြီဆိုရင်တော့ ကမ္ဘာလောကကြီးဟာ နေချင့်စဖွယ် ပျော်ရွှင်ဘွယ် ငြိမ်းချမ်းသော နယ်ပယ်ကြီး ဖြစ်လာတော့မှာပါပဲ။ အော် တာဝန်ကိုယ်စီထမ်းဆောင်နေကြခြင်းဟာ အလှတရားကို ဖန်ဆင်းနေကြတာပါပဲကလား။

ဆက်လက်ဖော်ပြပါမည်

တက္ကသိုလ်လှမောင်

(ရေတာရှည်)



# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ

## အမျိုးသမီးတို့၏ ကောင်းမြတ်သော ကိုယ်အရည်အချင်းရရှိမှုကျင့်ဝတ်




ဖူးပွင့်ဝေ

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့"

တပည့်တို့ကိုဆရာမ ဒီနေ့ အမျိုးသမီး ကောင်းတို့၏ ကျင့်ဝတ်ဂုဏ်ရည်တွေအကြောင်း ပြောပြမယ်ကွဲ့၊ တပည့်တို့ ဒီအကြောင်းတွေကို သိကြရဲ့လားကွဲ့။

"မသိပါဘူးဆရာမ"

အေးမသိရင် ဆရာမ ပြောပြမယ်ကွဲ့၊ သေသေချာချာ နားထောင်ကြနော်-

"ဟုတ်ကဲ့ပါဆရာမ"

အေးမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တရနိကယ်ပဥ္စကနိပါတစာ ၂၂၇-မှာ အမျိုးသမီးကောင်းတို့အပြစ် (၈)ပါး လွတ်အောင်ကျင့်တတ်ဖို့ ဟောပြထားတာကို တွေ့ရတယ်ကွဲ့။ အဲဒါကို မင်းတို့သိချင်ကြလား။

"သိချင်ပါတယ်ဆရာမ"

"အေးသိချင်ရင် ဆရာမပြောပြမယ်၊ မှတ်ထားကွဲ့"

အမျိုးသမီးကောင်းဖြစ်ဘို့ဆိုတာဟာ-

၁။ အမျိုးသမီးများသည် မစင်ကြယ်မှုများ၌ စင်ကြယ်စွာပြုပြင်တတ်ရမည်။

၂။ မကောင်းသောအနံ့များ၌ အနံ့မရှိအောင်

ပြုပြင်တတ်ရမည်။

၃။ ကြောက်လန့်တတ်မှုများ၍ မကြောက်လန့်အောင် သတိရှိရမည်။

၄။ အမျက်ထွက်လွယ်၍ အမျက်ကိုထိန်းသိမ်းတတ်ရမည်။

၅။ ရန်ငြိုးဖွဲ့တတ်၍ ရန်ငြိုးမဖွဲ့မေတ္တာပွားတတ်ရမည်။

၆။ ရာဂထူပြောတတ်၍ ရာဂကို ထိန်းသိမ်းတတ်ရမည်။

၇။ လျှာနှစ်ခွစကားပြောတတ်၍ နှုတ်ကိုထိန်းသိမ်းတတ်ရမည်။

၈။ မိတ်ပျက်လွယ်တတ်၍ စဉ်းစားဆင်ခြင်ဉာဏ်ပညာရှိရမည်။

ဟု မြတ်စွာဘုရားက ဟောကြားလမ်းညွှန်ထားတယ်ကွဲ့။

အေးအဲဒါအပြင် အမျိုးသမီးတို့အပြစ်(၇)ပါးမရှိအောင် ကျင့်တတ်ဖို့ကိုလည်း မြတ်စွာဘုရားကဟောပြထားတယ်ကွဲ့၊ အဲဒါတွေကောမင်းတို့သိချင်သလား။

"သိချင်ပါတယ်ဆရာမ"

"အေး အမျိုးသမီးတို့ အပြစ်မရှိအောင်နေထိုင်ကျင့်ရမဲ့ ကျင့်ဝတ်တွေကတော့ကွယ်"

၁။ ဖောက်ပြန်မှားယွင်းသော မိစ္ဆာအကျင့်ကို မပြုမိအောင် သီလရှိရမည်။

၂။ အမှုကိစ္စတို့ကို မစူးစမ်းမဆင်ခြင် အဆောတလျင် မပြုမိအောင် သတိရှိရမည်။

၃။ ကောက်ကျစ်လိမ်လည်လှည့်ဖြားတတ်မှု မရှိအောင် ပညာဉာဏ်ရှိရမည်။

၄။ ဝန်တိုမိစ္ဆာမရှိအောင် မေတ္တာထားရမည်။

၅။ တဏှာရာဂ အလိုရမ္မက်အားမကြီးအောင် သီလဖြင့်ထိမ်းတတ်ရမည်။

၆။ ခမ်းနားကြီးကျယ်သောပြုဖွယ်ကိစ္စတို့၌ ရေလည်တတ်ကျွမ်းမှုရှိအောင် အသိလိမ္မာဗဟုသုတရှိရမည်။

၇။ အတွင်းအပြင် မစင်ကြယ်မှု၌ စင်ကြယ်စွာပြုတတ်အောင် သတိရှိရမည်လို့ မြတ်စွာဘုရားက ဟောကြားလမ်းညွှန်ထားတယ်ကွဲ့။

အဲဒီလို အပြစ်တွေမရှိအောင် ကျင့်ကြံပါမှ နောင်တမလွန်ဘဝမှာ အမျိုးသမီးကောင်းတို့၏ ကောင်းခြင်းအလင်္ကာတွေနဲ့ပြည့်စုံတဲ့ အကျိုးကျေးဇူးတွေရမှာ ဖြစ်တယ်ကွဲ့ သိကြပြီးလားကွဲ့။

"သိပါပြီဆရာမ"

အေး ရှေးဘဝမှာ ဒါနသီလဆိုတဲ့ ကောင်းမှုတွေ သီလဆိုတဲ့ ကိုယ်ကျင့်တွေ ပေးလှူကြ၊ ကျင့်ကြံရင်လဲ ယခုဘဝမှာ ဥစ္စာဓနပေါကြွယ်ဝပြီး အလှဂုဏ်ရည်တွေ ပြည့်ဝကာ အမျိုးသမီးကောင်း အလှအင်္ဂါတွေနဲ့ ပြည့်စုံတယ်လို့ ဘုရားရှင်က မလ္လိကာ မိဖုရားကို ဟောထားတာတွေ့ရတယ်ကွယ်။ အဲဒါတွေကော မင်းတို့သိချင်ကြတာလား။

"သိချင်ပါတယ် ဆရာမ"

အေး အဲဒီအလှဂုဏ်အင်္ဂါတွေကတော့ကွယ်။

နူးညံ့၍ ရွှေသောအသားအရည်ရှိခြင်း၊ ပြေ၍နောက်သို့ လှန်သော်ရှည်သောအဖျားကော့သော နက်သောဆံပင်ရှိခြင်း၊ သမင်မမျက်စိကဲ့သို့ ရွှဲ၍ကြည်လင်သော မျက်လုံးရှိခြင်း၊ မျက်တောင်ကော့ခြင်း၊ မျက်ခုံးနက်ခြင်း၊ နှာတံအဆင်းပြေပြစ်ခြင်း၊ နီမြန်းသောပါးစပ်နှုတ်ခမ်းရှိခြင်း၊ ရင်စိုခြင်း၊ ခါးစည်းတင်းကျယ်ယယ်သော ဝမ်းရှိခြင်း၊ ပါး၍ ဝန်းသောနားရွက်ရှိခြင်း၊ လည်တိုင်သေးခြင်း၊ လည်အရစ်(၃)တန်ရှိခြင်း၊ နူးညံ့ သေးသွယ်၍ ပြည့်တင်းနီမြန်းသော လက်ဖဝါး၊ ခြေဖဝါးရှိခြင်း၊ ဆင်နှာမောင်းကဲ့သို့ အရင်းမှသည် အဖျားတိုင်အောင် သွယ်သောပေါင်ရှိခြင်း၊ ကြီးငယ်မထင် ညီညွတ်သောသွား အစဉ်ရှိခြင်း၊ နက်သောချက်ရှိခြင်း၊ ချစ်ဖွယ်သော စကားပြောဆိုတတ်ခြင်း၊ ဖြည်းညှင်းနူးညံ့စွာ သွားလာတတ်ခြင်း၊ အရှက်အကြောက်ကြီးခြင်း၊ စကားကိုတိုးတိုးညင်သာစွာ ပြောဆိုတတ်ခြင်း၊ ကောင်းသောအလေ့အကျင့်ရှိခြင်း စသည်တို့ဟာ အမျိုးသမီးကောင်းတို့၏ အလှဂုဏ်အင်္ဂါတွေဖြစ်တယ်ကွဲ့။

အေးတပည့်တို့တွေလည်း အမျိုးသမီးကောင်းတွေဖြစ်အောင် ဘယ်လိုပြုမူပြောဆိုရမည်ဆိုတာ သိကြပြီလားကွဲ့။

"သိပါပြီဆရာမ"

အေးသိပြီဆိုရင် အဲဒီလိုပြုမူပြောဆိုနေထိုင်ကြကွဲ့။ နောင်အပတ်တွေမှာလည်း အမျိုးသမီးကျင့်ဝတ်၊ အမျိုးသမီးကောင်းတို့၏ ဂုဏ်ရည်တွေကို ပြောပြမယ်ကွဲ့။ သည်တစ်ပတ်တော့ ဒီလောက်နဲ့ပဲ အတန်းနားကြစို့။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါတပည့်တို့"

**မှူးမွှင့်ဝေ**

# တောင်တန်းသာသနာပြုဆိုရာဝယ်

ပြည့်သခင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ ယုံကြည် ကိုးကွယ်မှုပေါင်းစုံတို့ဖြင့် စုဝေးနေထိုင်ရာ ပြည်ထောင်စုကြီးတစ်ခုအဖြစ် တည်ရှိ၏။ ထိုသို့ဖြစ်ရာတွင် လူသည် ပင်ကိုယ်သဘောအရ အတ္တရှိသဖြင့် မိမိကိုးကွယ်သည့် ဘာသာသည်သာ အမှန်ဆုံး၊ မိမိလူမျိုးသည်သာ အမြင့်မြတ်ဆုံးဟု ကိုယ်စီကိုယ်ငှအထင်ရောက်တတ်ကြ၏။ ထိုအထင်ကို အကြောင်းပြု၍ မိမိတို့မှတစ်ပါး အခြားဘာသာဝင်၊ အခြားလူမျိုးတို့အပေါ် ပုတ်ခတ်စော်ကားလိုတတ်ကြ၏။ လွှမ်းမိုးလိုတတ်ကြ၏။ ထိုကဲ့သို့သောစိတ်များ လွန်ကဲလာသောအခါ အခွင့်သာလျှင် တစ်နည်းနည်းဖြင့် တစ်ပါးသူကို တိုက်ခိုက်လေတော့၏။

ယင်းကဲ့သို့ ဖြစ်ပျက်ခြင်းများကို ဘာသာရေးယုံကြည်မှုအရ တိုက်ခိုက်စော်ကားခြင်းမျှသာ ဟူ၍ ကျဉ်းမြောင်းစွာ သဘောမပိုက်သင့်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်ကြောင်း သတိချပ်သင့်၏။ စင်စစ် ဘာသာရေးသမားမှန်လျှင် ငြိမ်းချမ်းရေးကို လိုလားသည်သာဖြစ်၏။ သို့ရာတွင် ဘာသာရေးဟု ခေါင်းစဉ်လုလုတပ်ထားသော အတ္တကိုယ်စားလှယ်များ

**ပါးစပ်ဖျား၌ လမ်းဆုံးသွားသော လုပ်ငန်းတစ်ခု**

'တောင်တန်းသာသနာပြု' ဟု ဆိုလိုက်လျှင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိတ်ဝင်တစားရှိကြသည်မှာ အများအသိပင်ဖြစ်၏။ သို့ရာတွင် ထိုလုပ်ငန်းနှင့်ပတ်သက်၍ ထဲထဲဝင်ဝင် သိရှိနားလည်သူကား အလွန်ရှားလေ၏။ လျှုစရာကြုံက လျှုလိုက်၍ လူပြောသူပြောနှင့်သာ လမ်းဆုံးနေကြသည်က များ၏။ တိုးတက်မှုဆုတ်ယုတ်မှုကို ဂဃနဏသိအောင် ဆက်လက်သုတေသနပြုသူ မရှိသလောက်ဖြစ်၏။ တိုင်းပြည်အတွက် မည်မျှအထိ အရေးပါသည့် လုပ်ငန်းဟူ၍လည်း အများစုက သတိမမူမိကြချေ။

**မဖြစ်မနေလုပ်ရမည့် သမိုင်းပေးတာဝန်**

အမှန်အားဖြင့် ဤတောင်တန်းသာသနာပြုလုပ်ငန်းဟူသည်မှာ ဘာသာရေးအမြင်တစ်ခုတည်းအတွက်သာမဟုတ်ဘဲ၊ ပြည်ထောင်စုမပြိုကွဲရေးအတွက်လည်းကောင်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးအတွက်လည်းကောင်း၊ အချုပ်အခြာအာဏာ တည်တန့်ခိုင်မြဲရေးအတွက်လည်းကောင်း ထိထိရောက်ရောက် မဖြစ်မနေလုပ်ကိုင်ဆောင်ရွက်ရမည့် သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပါ၏။

များပြားနေသည့်အတွက်ကြောင့်သာ ခက်နေခြင်းဖြစ်၏။ နယ်ချဲ့အစိုးရများက နိုင်ငံတစ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ပြီးနောက် ၎င်းတို့ကိုးကွယ်ရာဖြစ်သော ဘာသာသာသနာပြန့်ပွားရေးလုပ်ငန်းကို တစ်ပါးတည်း ထည့်သွင်းလာကြခြင်းမှာ အကြောင်းမဲ့မဟုတ်။ ၎င်းတို့၏ အချုပ်အချာအာဏာတည်မြဲရေးအတွက်ဖြစ်၏။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံသူ လူတန်းစားနှစ်ရပ်မှာ ယုံကြည်မှု ကွဲပြားနေပါလျှင် မည်သည့်နည်းနှင့်မျှ တစ်သွေးတစ်သံ တစ်မိန့် တစ်အာဏာတည်း မဖြစ်နိုင်ကြောင်းကို ၎င်းတို့ သဘောပေါက်ကြ၏။ ထို့ကြောင့်လည်း စစ်ရေး၏နောက်တွင် သာသနာရေးကို ထပ်ကြပ်မကွာ ထည့်သွင်းထားကြခြင်းဖြစ်၏။

ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုဟူသည် သီးခြားစီခွဲ၍ တည်ဆောက်မရနိုင်စကောင်းသော အကြောင်းအကျိုးတရား နိယာမတစ်ရပ်ဖြစ်၏။

မြတ်ဗုဒ္ဓဖွဲ့စည်း တည်ထောင်တော်မူခဲ့သည့် သံဃာ့အဖွဲ့အစည်းကို ကြည့်လျှင်လည်း ထိုသဘောကို တွေ့မြင်ရမည်ဖြစ်၏။ သံဃာစစ်သံဃာမှန်ဟူ၍ ဖြစ်လာလျှင် မည်သည့်နိုင်ငံသား မည်သည့်လူမျိုးဖြစ်စေကာမူ အချင်းချင်း တစ်သွေးတည်း တစ်သားတည်းဖြစ်အောင် ညီညွတ်ကြ၏။ ယခုမှမဟုတ်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ကာလမှစ၍ ယနေ့တိုင်အောင်ပင်ဖြစ်၏။ ယင်းကဲ့သို့ ကမ္ဘာ့သက်တမ်းအရှည်ဆုံး အညီညွတ်ဆုံးအဖွဲ့အစည်းကြီးတစ်ခုအဖြစ် ရပ်တည်လာနိုင်ခြင်းမှာ အခြားသော အကြောင်းကြောင့် မဟုတ်ဘဲ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်က သံဃာကို ဓမ္မဟူသော အမြင်ခြင်းတူအောင် ဝိနယဟူသော အကျင့်ခြင်းတူအောင် ဟောကြားလမ်းညွှန်တော်မူခဲ့သောကြောင့်သာ ဖြစ်၏။

ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း မြောက်များစွာရှိ၏။ ယုံကြည်ကိုးကွယ်မှုလည်း မြောက်များစွာရှိ၏။ ထိုအထဲတွင် ယုံကြည်ချက်တူညီသူများမှာ အခြားသော ကွဲလွဲချက်များပင် ရှိစေကာမူ အိမ်ထောင်ရေးအစရှိသည့် လူမှုရေးကိစ္စများ၌ ကူးလူးဆက်ဆံမှု လွယ်ကူကြပြီး၊ ယုံကြည်ကိုးကွယ်မှုကွဲပြားသူတို့မှာ လူမျိုးစုနှင့်ယဉ်ကျေးမှုပင် တူညီသော်လည်း အခက်အခဲရှိကြသည်ကိုတွေ့မြင်ရမည်ဖြစ်၏။ ဤသည်မှာ တိုင်ရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယုံကြည်ကိုးကွယ်မှုသည် မည်မျှအရေးပါကြောင်း သိသာထင်ရှားသည့် ပြယုဂ်ဖြစ်၏။ သို့ဖြစ်၍ နိုင်ငံသားတိုင်း အမြဲတမ်းဦးထိပ်ရွက်ပန်ဆောင်ရွက်ရမည့် ဒို့တာဝန်အရေးသုံးပါးကို အကောင်အထည်ဖော်တော့မည်ဆိုလျှင် ပထမဆုံးဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းမှာ တောင်တန်းသာသနာပြုလုပ်ငန်းဖြစ်ကြောင်း တင်ပြရခြင်းဖြစ်၏။

**မြေစမ်း၊ ခရမ်းပျိုးနေကြရသည့် တောင်တန်းသာသနာပြုများ**

ယခုမှ တင်ပြရသည်ဆိုသော်လည်း တောင်တန်းသာသနာပြုလုပ်ငန်းသည် ယခင်က မရှိခဲ့သည်မဟုတ်။ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာကတည်းက ရှိနှင့်ခဲ့ပြီးဖြစ်၏။ သို့သော် လက်ညှိုးထိုး၍ ပြနိုင်လောက်စရာ မယ်မယ်ရရ အောင်မြင်မှုမျိုး မတွေ့မြင်ရခြင်းကြောင့်သာ ထောက်ပြ ပြောဆိုရခြင်းဖြစ်၏။ ယနေ့ တောင်တန်းသာသနာပြုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေကြသည့် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်အများအပြားရှိ၏။ ထိုသာသနာပြုများသည်လည်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းနည်းဖြင့် မိမိတို့စိတ်ကူးတည့်ရာကို မြေစမ်းခရမ်းပျိုးဆိုသလို လုပ်ကိုင်နေကြရ၏။ စုရုံးရမည့် နေရာမရှိ။ ဆက်သွယ်ရမည့် ကွန်ရက်မရှိ။ အချို့က ဘာသာခြားနယ်မြေတွင် ဘုရားတည်၊ ကျောင်းဆောက်ရန်ကြိုးပမ်း၏။ အချို့က ဒေသဖွံ့ဖြိုးရေးအတွက် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး ကြိုးပမ်း၏။ အချို့က အဝတ်အထည်နှင့်အစားသောက်များ ပေးဝေလှူဒါန်းနိုင်ရန် အားထုတ်၏။ သို့သော် ထိုအရာများအားလုံးသည် အရင်းအနှီးများသလောက် အမြတ်အစွန်းနည်းပါးသည်ကို တွေ့ရှိရ၏။ အချိန်သာကုန်လွန်သွားသော်လည်း မိမိတို့၏ ရည်ရွယ်ရင်းပန်းတိုင်ဖြစ်သည့် 'တောင်တန်းသာသနာပြု' ဟူသော ခေါင်းစဉ်အောက်တည့်တည့်သို့ သီသီကလေးမျှပင် ဝေ့မလာနိုင်ကြချေ။

**အမှန်တကယ်လုပ်ရမည်က**

အထက်ဖော်ပြပါကိစ္စရပ်များကို မလုပ်သင့်မလုပ်ထိုက်ဟု စွပ်စွဲနေခြင်းမဟုတ်။ ပထမဦးစားပေးအဖြစ် မသတ်မှတ်စေလိုခြင်းဖြစ်၏။ အမှန်တကယ်ဦးစားပေးလုပ်ဆောင်ရမည်မှာ ဘ/ကနှင့် ပရဟိတကျောင်းများဖြစ်၏။ ဘ/ကနှင့် ပရဟိတကျောင်းသည် တောင်တန်းသာသနာပြုလုပ်ငန်း၏ ပင်မအသက် သွေးကြောဖြစ်၏။ ဘာသာခြားတို့နေရာ တောင်ပေါ်ဒေသ၌ သာသနာပြုဌာနဟု မည်သို့ပင် ခေါင်းစဉ်တပ်ထားသော်ငြား ဘ/က(သို့မဟုတ်) ပရဟိတကျောင်းရှိမှသာ အသက်ဝင်ရှင်သန်သော သာသနာပြုဌာနဟု ခေါ်ဆိုနိုင်၏။ ဘ/က မရှိသော, ပရဟိတ မရှိသော တောင်ပေါ်ဘုန်းကြီးကျောင်းသည် တောင်တန်းသာသနပြုကျောင်းမဟုတ်။ တောင်တန်းပေါ်မှ ဘာသာခြားများ သာသနာကို မြင်ဘူးတွေ့ဘူးယုံမျှရှိအောင် လာရောက်ပြသ, နေသော တောင်တန်းသာသနာပြုကျောင်းသာဖြစ်၏။

တစ်မျိုးသားလုံးကို ကိုယ်စားပြု၍ ရှေ့တန်းသို့ထွက်လာခဲ့ရာတွင် ပြနေယုံမျှနှင့်မပြီး။ ရင်တွင်း နှလုံးသားတွင်းရောက်အောင်

ထည့်သွင်း ဌာပနာမှု ပြုပေးနိုင်ဖို့လို၏။ သို့ဖြစ်၍ ဘာသာ သာသနာချစ်သူများ အမှန်တကယ်လုပ်ရမည်က တောင်ပေါ်ဒေသများတွင် အသစ်အသစ်ဖြစ်သော ဘုရားစေတီများ တည်ထားနိုင်ရေးအစား အသစ်အသစ်ဖြစ်သော ဘ/ကကျောင်းများ တည်ထောင်နိုင်ရေးဖြစ်၏။ ဘာသာဝင်မရှိသည့် ဒေသများ၌ ရပ်ရွာဖွံ့ဖြိုးရေးလုပ်နေမည့်အစား ဘ/ကကျောင်းများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရေး ဖြစ်၏။ နာရီပိုင်း အချိန်ပိုင်းမျှ ကိုယ်ပြောချင်တာ ပြောခွင့်ရရေးအတွက် ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ၍ ရွာထဲရပ်ထဲတွင် အဝတ်အထည်နှင့်အစားအသောက်များ ပေးဝေပစ်မည့်အစား နှစ်ရှည် လများကိုယ်လိုရာ ပုံသွင်းယူနိုင်မည့် ဘ/ကကျောင်းများကို ထောက်ပံ့လှူဒါန်းနိုင်ရေးဖြစ်၏။

ယခုအခါ တောင်ပေါ်ဒေသရောက် အချို့သောသာသနာပြုများသည် ပုံစံအမျိုးမျိုးဖြင့် အလှူခံ၍ ရရှိလာသော နဝကမ္မများဖြင့် စေတီပုထိုးများကို တိုးချဲ့ ဆောက်လုပ်ကြ၏။ ဘ/ကကျောင်းများကို အကြောင်းအမျိုးမျိုးပြ၍ ဖြုတ်ပစ်ကြ၏။ တစ်ပိုင်တစ်နိုင် ဒေသဖွံ့ဖြိုးရေးများကို ရပ်ကွက်ကျေးရွာများ၌ ပြုလုပ်ကြ၏။ ဘ/က ကျောင်းများကို လျစ်လျူရှုထားကြ၏။ ဘာသာခြားတို့ကို တရားဟောချေချွတ်နေသည့်ဟန် ဓာတ်ပုံမှတ်တမ်း၊ ဗီစီဒီမှတ်တမ်းမှလွဲ၍ တစ်ခြားဘာမှ မကျန်သည့်အလုပ်ကို သိန်းပေါင်းများစွာ အကုန်အကျခံ ပြီးလုပ်၏။ ပရဟိတ ဘ/က ကျောင်းများကို လှည့်၍မျှပင် မကြည့်။

ဤကဲ့သို့သော လုပ်ရပ်များသည် မအောင်မြင်သေးသော တောင်တန်းသာသနာပြုလုပ်ငန်းကြီးကျဆုံးခြင်း၏ နိဒါန်းများပင် ဖြစ်၏။ ထို့ကြောင့် မိမိတို့လုပ်ရပ်သည် အမြတ်မထွက်လျှင်သော်မှ ဗုဒ္ဓဘာသာဝင်များ၏ ရှိစုမဲ့စု ငွေကြေးအရင်းအမြစ်၊ လူ့အင်အားအရင်းအမြစ်၊ အချိန်အင်အား အရင်းအမြစ်တို့ကို တောင်ပေါ်တက်၍ ဖြုံးတီးပစ်သကဲ့သို့ ဖြစ်မသွားဖို့ လိုအပ်ကြောင်း ငဲ့ကွက်သင့်၏။

**တောင်တန်းသာသနာပြုဆိုရာဝယ်**

သို့ဖြစ်၍ အချုပ်အားဖြင့်ဆိုရသော် တောင်တန်းသာသနပြုဟု ဆိုကြရာဝယ် လောကုတ္တရာကိစ္စ အဖြစ်သာမက၊ လောကီနယ်ပယ်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုပါ ဦးထိပ်ပန်ဆင်၍ နောက်တန်းမှ ထောက်ပံ့ကြသည့် အစိုးရမင်းများနှင့် ပြည်သူလူထုကလည်း ထိထိရောက်ရောက် ထောက်ပံ့၊ ရှေးတန်းတွင် တိုက်ပွဲဝင်ကြသည့် ရဟန်းပုဂ္ဂိုလ်/လူပုဂ္ဂိုလ် သာသနာပြုများကလည်း ရည်ရွယ်ချက် ရှိရှိ၊ လမ်းကြောင်းမှန်မှန်ဖြင့် တက်ညီလက်ညီ ဦးတည်လျှောက်လှမ်းသွားကြရန် အထူးလိုအပ်ပါကြောင်း…။

**ပြည့်သခင်**

# မြန်မာနိုင်ငံ ရိုးရာပါဠိစာပေသင်ကြားရေး

# Traditional Pali Studies in Myanmar

ဦးအောင်သိန်းညွန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
**U Aung Thein Nyunt (Retd. DYDG Religious Affairs)**

ဖော်ပြပါစာတန်းကို ၃၀-၈-၂၀၁၄(စနေနေ့)တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ သီတဂူဗုဒ္ဓတက္ကသိုလ်၌ ထိုင်းနိုင်ငံ၊ မဟာချူလာယောင်ကွန်တက္ကသိုလ်မှ အမ်အေနှင့်ပီအိတ်ချ်ဒီ သင်တန်းသား ၇၀-ကျော်နှင့် ချူလာယောင်ကွန်တက္ကသိုလ် Graduate School မှ မဟာဌာနမှူးနှင့် ဒုတိယပါမောက္ခချုပ်ဦးဆောင်သော တက္ကသိုလ်ပညာရေးနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ သီတဂူဗုဒ္ဓတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာ အရှင်ပညောဘာသဦးဆောင်သော သင်ကြားရေးနှင့်စီမံခန့်ခွဲရေးတာဝန်ရှိသူ၊ ကျောင်းသားကျောင်းသူများ တက်ရောက်သော ချူလာယောင်ကွန်တက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာ သီတဂူဗုဒ္ဓတက္ကသိုလ်တို့ ပူးတွဲကျင်းပသည့် "Senuiual on the Naiu There, Buddhist Studies in the Contemparary Myanmar" ခေါင်းစဉ်ပါ စာတန်းဖတ်ဆွေးနွေးပွဲတွင် သာသနာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးအောင်သိန်းညွှန့်က ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့ပါသည်၊ အဆိုပါ Seminar တွင် မြန်မာနိုင်ငံဘက်မှ သီတဂူဒေါက်တာအရှင်ဉာဏိဿရ၊ ဆရာကြီးဒေါက်တာခင်မောင်ညွှန့်နှင့် ဦးအောင်သိန်းညွှန့်တို့က ဖတ်ကြားဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံချူလာယောင်ကွန်တက္ကသိုလ်မှ Prof: Dr Phra Sulti thaamzuanuwat (Dean of Graduate School)က အဖွင့်နှုတ်ဆက်စကားပြောကြားခဲ့ပြီး Dr. Pramala Somboon Uuddhi Karo (Vice-Dean of Graduate School) က ချူလာယောင်ကွန်တက္ကသိုလ်မိတ်ဆက်နှင့် ထိုင်းနိုင်ငံတောင်ပိုင်း အကြမ်းဖက်မှုများအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြပါသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိက သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ၏ ညွှန်ကြားချက်အရ ယခုဆီမီနာတွင် မြန်မာနိုင်ငံရိုးရာပါဠိစာပေသင်ကြားရေးဆိုင်ရာ မှတ်သားဖွယ်အချက်အလက်များကို တင်ပြသွားပါ့မယ်၊ ယခုခေါင်းစဉ်နှင့်စပ်လျဉ်း၍ အချက်အလက်စုဆောင်းရာမှာ အချိန်အနည်းငယ်မျှသာ ရရှိခဲ့ပါသည်။ အချို့အရေးပါသောအချက်များ မှန်ကောင်းမှန်နိုင်ပါမယ်၊ ခေါင်းစဉ်က လွန်စွာကျယ်ပြန့်တဲ့အပြင် လေ့လာဆွေးနွေးစရာများစွာရှိတဲ့အတွက် နောက်ပိုင်းတွင် ဆွေးနွေးနိုင်ကြပါတယ်။

As I was instructed by Most Ven. SitaguAdhipati, Chancellor of SIBA, Dr. AshinNyanissara, may I give some message and notable facts of Traditional Pali Studies in Myanmar in this Seminar. We have a little time to prepare for this topic: Traditional Pali Studies in Myanmar. Some noteworthy facts may be untouehod but you may discuss it later as the topic is very very wide and we have so many specific items to be explored and debated.

မြန်မာနိုင်ငံပါဠိစာပေ သင်ကြားရေးအကြောင်း အထက်ပါခေါင်းစဉ်ကို ဆွေးနွေးပြောဆိုကြတဲ့အခါမှာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အထွဋ်အမြတ်ဘာသာစကားဖြစ်တဲ့ 'ပါဠိ'ဆိုတဲ့ ဝေါဟာရကို ရှေးဦးစွာသုံးသပ်ကြည့်ရမှာဖြစ်ပါတယ်၊ 'ပါဠိစာပေ'နဲ့ 'ပါဠိစာပေသင်ယူခြင်း'အကြောင်းကို ဆွေးနွေးတဲ့အခါမှာ ''ပါဠိဘာသာ(စကား)သမိုင်းကြောင်း'' ပြောဆိုဆွေးနွေးရမယ့်တာဝန်ရှိပါတယ်၊ ဒီနေရာမှာ အချိန်ကိုငဲ့ညှာသောအားဖြင့် ယင်းအကြောင်းကို အနည်းငယ်မျှထည့်သွင်းဆွေးနွေးပါ့မယ်။

''ပါဠိစာပေ'' ''ပါဠိဘာသာစကား''ကို နှစ်ပိုင်းခွဲခြားကြည့်နိုင်ပါတယ်။

(၁) ပါဠိဘာသာစကားနဲ့ရေးထားတဲ့ ပါဠိပိဋကကျမ်းများဖြစ်ပါတယ်၊ မူရင်း သုတ္တန္တပိဋက၊ ဝိနယပိဋကနဲ့ အဘိဓမ္မပိဋကတို့ ပါဝင်မှာ ဖြစ်ပါတယ်။

(၂) ပါဠိပိဋကကျမ်းစာမဟုတ်သော ပါဠိဘာသာစကား၊ ပါဠိစာပေတို့ ဖြစ်ပါတယ်၊ ဒီအုပ်စုမှာ.....

(က) ပါဠိဘာသာဖြင့်ရေးသားထားသော အဋ္ဌကထာကျမ်းများနဲ့ ဋီကာကျမ်းများ၊

(ခ) ဗုဒ္ဓဝင်ကျမ်းများ၊ ဒီပဝံသ၊ မဟာဝံသ၊ မိလိန္ဒပဉှာ၊ နေတ္တိ၊ ပေဋကောပဒေသ စသော ပါဠိရေးစာပေကျမ်းဂန်များ ပါဝင်ကြပါတယ်။

When we talk about the above topic, traditional Pali Studies in Myanmar, first and foremost we have to do with the word, Pali, the sacred language of Theravada Buddhism.

When we deliberate about 'Pali' literature, Pali Studies, we are responsible to deal with the history of Pali Language. Here, in order to save the time, we have to touch it a little. Pali--- I would like to mean 'Pali literature' and 'Pali Language' can be divided into two parts:

1: Pali (Language) Texts-three Pitaka Pali texts, Suttanta, Vinaya, Abhidhamma Pali texts and

2: Non-Pitaka Pali language and literature including(A. commentary Attakatha) and Sub-commentary (tika)and B.chronicles of Buddhism and Pali literature as Dipavaṁsa and Mahavaṁsa, Milindapañhā, Netti, and Peṭako Padesa.

ဘီစီ သုံးရာစုလောက်မှာ ပိဋကသုံးပုံပါဠိတော်များကို စုစည်းပြီးတဲ့နောက်မှာ အထက်က တင်ပြခဲ့တဲ့ မူရင်းပိဋကတ်သုံးပုံပါဠိတော်များ တွင် မပါဝင်သော ပါဠိစာပေများ ပေါ်ထွန်း လာခဲ့ပါတယ်။

It is traditionally recorded that after Pitaka Pali text, triple Pitaka text, have already been collected and assembled about three hundred BC., there emerged Non-Pitaka Pali language literature.

ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာများဟာ ရှေးအကျဆုံး ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုဖြစ်တဲ့ ထေရဝါဒဗုဒ္ဓဘာသာဂိုဏ်းရဲ့ သမိုင်းမတင်မီ ရှေးအကျဆုံးဘာသာစကားနဲ့ စာပေများဖြစ်ပါ တယ်။

Threefold Pali Pitaka is the most Pre historic sacred language and literature of the most Primitive sect of Buddhism, Theravada Buddhism, and it is recorded that Buddhist sacred Pali language is earlier than Buddhist literature written by Sanskrit and half Sanskrit.

ဘီစီ ၄၈၅-ခုနှစ်(အချို့ပညာရှင်များက ဘီစီ ၅၄၄-ခုနှစ်) မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက်ပိုင်း သာသနာနှစ် ၂၃၅-ခုနှစ်အထိ (ထေရဝါဒဗုဒ္ဓစာပေများကို စုပေါင်း ရွတ်ဆို စိစစ်တည်းဖြတ်ခြင်း) သံဂါယနာ သုံးကြိမ်တင်ခဲ့ပြီး ပိဋကသုံးပုံပါဠိတော်များကို လည်း မူရင်းပကတိအတိုင်း (ပြင်ဆင်ဖြည့်စွက် နှုတ်ပယ်ခြင်းမရှိပဲ) ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။

After the noble demise of the Enlightened Buddha, in 485 BC (544 BC according to some scholars) Buddhist councils have been held for three times up to 235 Sasana Era and all the Pali Pitaka texts can be preserved as in the their pristine purity.


**ဦးအောင်သိန်းညွန့်**

**U Aung Thein Nyunt**

# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

## ထိုင်းနိုင်ငံတော်ဝင် ကထိန်သင်္ကန်းဆက်ကပ်ပွဲ အခမ်းအနားကျင်းပခြင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ထိုင်းနိုင်ငံ ဘုရင်တော်ဝင်မိသားစု၏ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူကျောင်းတိုက်၌ အောက်တိုဘာလ ၃၀-ရက်နေ့ နံနက် ၉ နာရီတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် ပင့်သံဃာ(၂၅)ပါး ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီး၊ ထိုင်းဘုရင့်ကိုယ်စား ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး **H.E. Mr Don Paramud winai** နှင့် ထိုင်းဘုရင့်မိသားစု ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံလုံးဆိုင်ရာ

ထိုင်းနိုင်ငံသံအမတ်ကြီး **H.E. Mr Pisanu Suvanajata** နှင့် သံရုံးမိသားစုများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ ဧည့်ပရိသတ်များ တက်ရောက်ကြပါသည်။

ရှေးဦးစွာ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြပါသည်။

ထို့နောက် ထိုင်းဘုရင့်မိသားစုများကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ကထိန်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆရာတော်ကြီးများထံ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက တော်ဝင်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားရာတွင် ထိုင်းဘုရင်နှင့် မိသားစု၏ တော်ဝင်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကြီးကို မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်နှင့်အညီ မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် နှစ်နိုင်ငံပြည်သူတို့၏ နှလုံးသားတွင် ထာဝရပိုမိုခိုင်မြဲသည့် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် လေးစားမှုတို့ ကိန်းအောင်လျက်ရှိနေသည်ကို ဖော်ဆောင်ပါကြောင်း မြန်မာနိုင်ငံသားများအနေဖြင့် များစွာသော မဟာကုသိုလ်တရားများတိုးပွားစေရန်နှင့် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲလာစေရန် ဤတော်ဝင်ကထိန်သင်္ကန်းလှူဒါန်းပွဲပြီးကို နှစ်စဉ်ကျင်းပနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းဘုရင့်မိသားစု၏ လှူဒါန်းငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေသိန်း ၄၀၀ ဖြစ်ကြောင်း သိရှိရပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ်၊ ဂယာမြို့နယ်၊ ဗုဒ္ဓဂယာမြန်မာကျောင်း၌ ကျင်းပခြင်း။



အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ်၊ ဂယာမြို့၊ ဗုဒ္ဓဂယာမြန်မာကျောင်း၌ နိုဝင်ဘာလ ၂၃ ရက်၊ နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား သာသနာရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပသော အဌမအကြိမ်မဟာကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒအမှူးပြုသော မဇ္ဈိမဒေသတွင်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော်ကြီးအပါး(၃၀)၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုး၊ မြန်မာစစ်သံမှူးကြီး၊ ကောင်စစ်ဝန်ချုပ်၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့်အလှူရှင်များ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ဗုဒ္ဓဂယာမြန်မာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသောအလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၀၈-ခုနှစ်မှစ၍ မဇ္ဈိမဒေသတွင် သက်န်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှစ်စဉ်ကျင်းပရသည့်အကြောင်းနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ တေဇိန္ဒထံမှ ကထိန်အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

နိုဝင်ဘာလ ၂၀ ရက်တွင် သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရာမညဘူမိဗုဒ္ဓဝိဟာရ(မွန်)ကျောင်းဆရာတော် ဘဒ္ဒန္တနာရဒသီရိ၊ မဟာအောင်မြေ(ရခိုင်)ကျောင်းဆရာတော် ဘဒ္ဒန္တ သုပိယနှင့် ကမ္ဘောဇ(ရှမ်း)ကျောင်းဆရာတော် ဘဒ္ဒန္တ ကေလာနန္ဒတို့အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့ပါသည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်သို့ သွားရောက်၍ စေတီတော်အတွင်းရှိ ပါလခေတ်ဗုဒ္ဓရုပ်ပွားတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂၁ ရက်တွင် ဗာရာဏသီမြို့ရှိ ဆေးဝဂ်ဘာကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တမင်္ဂလနှင့် ဆန်းစ်ခရစ် တက္ကသိုလ် B.H.U တက္ကသိုလ်တို့တွင် ပညာသင်ယူနေကြသော မြန်မာရဟန်းတော်များအားလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ဗုဒ္ဓဂယာရှိ မြန်မာဗုဒ္ဓဘာသာပညာရေးဗိမာန်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမုဒနှင့် မာဂဓတက္ကသိုလ်တွင် ပညာသင်ယူနေကြသော မြန်မာရဟန်းတော်များအားလည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ရာဇဂြိုဟ်မြို့ရှိ နာလန္ဒာ တရုတ်မြန်မာကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာလင်္ကာရနှင့် နာလန္ဒာတက္ကသိုလ်တွင် ပညာသင်ယူနေကြသော မြန်မာရဟန်းတော်များအားလည်းကောင်း အသီးသီးဖူးမြော်၍ ပညာသင်နဝကမ္မအလှူငွေများ လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (တတိယ)အကြိမ် အစည်းအဝေးကျင်းပခြင်း။



သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ် ရေးအဖွဲ့(တတိယ)အကြိမ် အစည်းအဝေးကို နိဝင်ဘာလ (၂၂)ရက်၊ တနင်္ဂနွေနေ့ နေ့လည် ၁း၀၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေ သမဝါယမတန်ဆောင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေဘဒ္ဒန္တအဂ္ဂဓမ္မမှ အဖွင့်သြဝါဒကထာမြွက်ကြားတော်မူခဲ့ပါသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်မှ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ကျွမ်းကျင်ပညာရှင်မှ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဘာသာကြီးလေးမျိုးကိုးကွယ်မှုဆိုင်ရာ ပထဝီဝင်ဘာသာရေးသမိုင်းပြဌာန်းစာ



(မူကြမ်း)နှင့် ပတ်သက်၍ တင်ပြလျှောက်ထားပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များက ဆွေးနွေးခဲ့ကြပါသည်။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်တွင်းသာသနာပြုဌာနခွဲ၊ ညွှန်ကြားရေးမှူးမှလည်း သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများမှ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

ယင်းနောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်ဆရာတော်၊ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ နိဂုံးချုပ်သြဝါဒကထာမြွက်ကြားတော်မူခဲ့ပါသည်။

ထို့နောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မပါလာဘိဝံသထံသို့ တိုင်းဒေသကြီး၊ ပြည်နယ်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လှူဒါန်းမည့် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းစာအုပ်များအား သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်မှ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| ၁. | ဗုဒ္ဓဘာသာကောင်းတစ်ယောက် |
| ၂. | သဒ္ဓမ္မဇောတိကပဌာန်း |
| ၃. | သဒ္ဓမ္မဇောတိက အဘိဓမ္မာ |
| ၄. | သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ် |
| ၅. | ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ |
| ၆. | ကပ္ပိယကောင်းတစ်ယောက် |
| ၇. | အလှူဒါနအမျိုးမျိုး |
| ၈. | သီလ(သို့) ကိုယ်ကျင့်တရား |
| ၉. | ဂုဏ်တော်(မြန်မာ) |
| ၁၀. | အမရပူရ |
| ၁၁. | သာသနာပြုအခြေခံကိုယ်ကျင့်တရား |
| ၁၂. | ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော် |
| ၁၃. | ဘဝတန်ဖိုးမြှင့်ဩဝါဒကထာ |
| ၁၄. | အလိမ္မာပျိုးခင်း |
| ၁၅. | အမျိုးသားယဉ်ကျေးမှု |
| ၁၆. | ပေစာကျမ်းလာ မြန်မာ့ဆေးပညာ |
| ၁၇. | သပ္ပုရိသဝတ်ရွတ်စဉ် |
| ၁၈. | ဗုဒ္ဓနှင့် ဗြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု |
| ၁၉. | ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း |

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၀၃၁၅၆
ရက်စွဲ ၁၉.၁.၁၆

ACA

ပညာရိပ်ငြိမ်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်–ကက–၁၃/၁၂/၀၀၉

http://www.aca-educentre.com





ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့ မြောက်ဥက္ကလာပမြို့။

Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477